# BL ONE SHOT COLLECTION

SueKhatThar



"ချစ်ခြင်းဖွဲ့ပုံပြင်"

"၃၅ နှစ်တဲ့ ငယ်ငယ်လေးပဲ ရှိပါသေးတယ်အေ။ အကောင်းကြီးကနေ ဘယ်လို ဖြုန်းစားဖြစ်ရတာလဲ မသိဘူး"

"အင်းလေ ပြီးတော့ သူနဲ့အတူနေတဲ့ တစ်ယောက် သူ့ညီလားဘာလား ဆုံးသွားတာ သုံးလကျော်ပဲ ရှိသေးတယ်မလား"

"အို ... ဘယ်ကလာ ညီကမှာလဲ။ ညည်းတို့က ဘာသိလို့တုန်း။ နှစ်ယောက်က ဘာမှ မတော်ဘူး။ သူတို့က ယောကျ်ားချင်း ညားနေကြတာ။ အရင်ဆုံးသွားတဲ့ ကောင်လေးရဲ့ အဒေါ်က ငါနဲ့ ရင်းနှီးလို့ အကြောင်းစုံ ပြောပြတာ။ သူတို့ နှစ်ယောက်ကလေ ..."

အသုဘရယ်လို့မှ အားနာမှုမရှိ သေသူအကြောင်းကို ဝိုင်းဖွဲ့အတင်း ပြောနေကြသော ပါးစပ်စည်းမရှိသည့် အဒေါ်ကြီးများကို ကျွန်မ စိတ်ပျက်လက်ပျက်သာ ကြည့်နေမိတော့သည်။

ငသျှားရေ နင်ပြောတာ အမှန်တွေချည်းပဲ။ တချို့လူတွေက သူများအကြောင်း ပေါက်လွတ်ပဲစား ပြောလိုက်ရမှ အိပ်ပျော်စားဝင်တတ်ကြတာ။

ဆက်လက် ကြားနေရသေးသော မတိုးမကျယ် အသံများကို ကျွန်မ အာရုံစိုက်မနေတော့။ အရေးမပါတာတွေကို ဂရုပြုနေမည့်အစား သိပ်မကြာခင် ခွဲခွာရတော့မည့် ကျွန်မ ချစ်ရသူတစ်ဦးကိုသာ အချိန်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

မှန်ဖြင့် ပြုလုပ်ထားသော အခေါင်းဖုံးမှ တစ်ဆင့် အတွင်းရှိ ရုပ်ကလာပ်

ကို ကျွန်မ ငေးစိုက်ကြည့်နေမိသည်။ အသက်ဝိညာဉ် ကင်းမဲ့နေပြီ ဖြစ်သော်လည်း ရှင်သန်နေစဉ်တုန်းကကဲ့သို့ ရုပ်အသွင်အပြင်က အေးချမ်းနေဆဲပင်။ ပြုံးယောင်ယောင် ဖြစ်နေသော နှုတ်ခမ်းပါးလေးက ခါတိုင်းလို ကျွန်မရင်ထဲက အပူမီးတွေကို မငြိမ်းအေးစေတော့။

ဘယ်လိုပဲ တွေးကာ ဖြေသိမ့်ပါသော်လည်း လပိုင်းအတွင်း အချစ်ဆုံး သူငယ်ချင်း နှစ်ယောက်ကို ဆုံးရှုံးလိုက်သည့် ကျွန်မအတွက်ကတော့ သေမင်းကို တရားမျှတမှု မရှိသူလို့သာ မြင်မိသည်။

အို ... ကာယကံရှင် နှစ်ယောက်ကရော တရားခဲ့လို့လား။ သူတို့ အချင်းချင်းကလွဲပြီး အခြား ဘယ်သူအတွက်များ သူတို့ ငဲ့တွေးပေးဖူးလို့လဲ။

"မြတ်သော်ရယ် နင့်ဘဝကြီးမှာ သျှားကလွဲပြီး အခြားသူတွေရဲ့ ဖြစ်တည်မှုက တကယ်ပဲ အဓိပ္ပာယ် မရှိခဲ့ဘူးလား"

ကျွန်မမေးခွန်းကို မြတ်သော်က နှုတ်ဖြင့် ပြန်ဖြေနိုင်စွမ်း မရှိတော့လည်း အဖြေကို ကျွန်မကိုယ်တိုင် သိနေနှင့်ပြီးသား ဖြစ်ပါသည်။

***

လူမှန်းသိတတ်စ အရွယ်ကတည်းက သျှားနှင့် ကျွန်မက အချစ်ဆုံး သူငယ်ချင်းတွေ ဖြစ်ခဲ့ကြသည်။ အိမ်နှစ်အိမ်က မျက်နှာချင်းဆိုင် ဖြစ်နေသည့်အပြင် အသက်တူ၊ အတန်းတူမို့လို့ ဘယ်သွားသွား၊ ဘာလုပ်လုပ် အမြဲတတွဲတွဲ ဖြစ်နေခဲ့ကြသည်။

မိဘနှစ်ပါးစလုံး ငယ်စဉ်ကတည်းက ကွယ်လွန်သွားသဖြင့် အပေါက်ဆိုးဆိုး အဒေါ်ဖြစ်သူ၏ မိသားစုနှင့်အတူ သိမ်သိမ်ငယ်ငယ် နေခဲ့ရသော ငသျှားက အခြားရွယ်တူ ကောင်လေးများနှင့် အပေါင်းအသင်း လုပ်လိုစိတ်မ

ရှိ။

ထို့အတူ မိန်းကလေးဆန်ဆန် နုနုရွရွ ပြောဆိုနေထိုင်ရမှာ အလွန်မုန်းတီးသည့် ကျွန်မကလည်း သျှားတစ်ယောက်တည်းကိုသာ မောင်နှမအရင်းလို ခင်မင်မိသည်။ ယုတ်စွအဆုံး နွေရာသီ ကျောင်းပိတ်ရက်များတွင်တောင် ကျွန်မတို့ နှစ်ယောက်တည်းသာ အတူဆော့ဖြစ်ခဲ့ကြသည်အထိ။

မြတ်သော်နှင့် ပထမဆုံး စရင်းနှီးခဲ့ရသည့်နေ့ကိုတော့ ကျွန်မ အတော်လေး ပြတ်ပြတ်သားသား မှတ်မိနေသေးသည်။

ပဥ္စမတန်းတက်ရမည့် နွေရာသီ၏ တစ်ခုသော နေ့လယ်ခင်း။ မှတ်မှတ်ရရ ထိုနေ့က နေအတော်ပူနေသဖြင့် ကျွန်မတို့နှစ်ယောက် လမ်းပေါ်တက် မကစားနိုင်။ အိမ်တွင်းအောင်း ကစားရန်လည်း ဘာကစားစရာပစ္စည်းမှ စုံစုံလင်လင် မရှိသဖြင့် ကျွန်မရော သျှားပါ အတော်လေးစိတ်ညစ်နေခဲ့ကြသည်။

ထို့ကြောင့် နှစ်ယောက်သား တစ်လမ်းကျော်ရှိ တိုက်အိမ်ကြီးရှေ့မှ မန်ကျည်းပင်အောက်တွင် ထိုင်ကာ မှိုင်နေမိကြစဥ် တိုက်အိမ်ကြီးထဲမှ ကောင်လေးတစ်ယောက် ထွက်လာသည်။

အသက်အရွယ်က ကျွန်မတို့နှင့် သိပ်မကွာလောက်သော်လည်း အသားညိုညို၊ ခန္ဓာကိုယ် ထွားထွား ဖြစ်နေသည့်အပြင် မျက်မှန်ပါ တပ်ထားသေးသောကြောင့် ဖြူဖြူညှက်ညှက် သျှားနှင့် ယှဉ်လျှင်တော့ အတော်လေး လူကြီးဆန်သလို ထင်ရသည်။

"ဟေး မင်းတို့ မဆော့ကြဘူးလား။ ငါက ဟိုတစ်ရက်ကမှ ဒီအိမ်ကို ပြောင်းလာလို့ သူငယ်ချင်း မရှိဘူး။ ငါနဲ့အတူ ဆော့ပေးမလား"

သျှားက ထိုကောင်လေးကို မျက်မှောင်ကြုတ်ကာ ကြည့်သည်။

"ငါတို့က တခြားသူတွေနဲ့ မကစားဘူး"

ကောင်လေးက ချက်ချင်း မျက်နှာပျက်သွားသည်။ ကျွန်မလည်း ဘာပြော ရမှန်းမသိ ဖြစ်နေစဉ်မှာပဲ ရုတ်တရက် အကြံတစ်ခု ရသွားသည်။

"အကယ်၍ နင့်မှာ ငါတို့ကြိုက်တဲ့ ကစားစရာတွေ ရှိမယ်ဆိုရင်တော့ စဉ်းစားပေးမယ်လေ"

ဆရာမကြီးလေသံနှင့် ခပ်ချေချေပြောသော ကျွန်မ၏ စကားကို ကြားတော့ ကောင်လေး၏ မျက်နှာက အခုနကနှင့် တခြားစီ ရုတ်ခြည်း ဝင်းပသွားသည်။ ထို့နောက် ခေါင်းညိတ်ပြကာ အိမ်ထဲ ပြန်ပြေးဝင်သွား သည်။

"အဲဒီကောင်နဲ့ မကစားချင်ပါဘူးဆို။ နင်ကလည်း ..."

ဘေးက သျှားက ကျွန်မကို တံတောင်နှင့် တွတ်ရင်း ပွစိပွစိ ပြောကာ အပြစ်တင်နေသည်။ နားငြီးမခံနိုင်တော့သည့်အဆုံး ကျွန်မ ထအော်ဖို့ ပြင် လိုက်စဉ်မှာပဲ ...

"ဒီလောက်ဆို ရပြီလား။ ထပ်ယူလာရဦးမလား"

အိမ်ထဲမှ ပြန်ထွက်လာသော ကောင်လေး၏ လက်ထဲမှ ကစားစရာခြင်း ကြီးကို မြင်လိုက်ရသည့် အချိန်မှာတော့ အခုနက ပုပ်သိုးနေသော သျှား၏ မျက်နှာကြီးက ချက်ချင်း မှိုရသလို ကြည်လင်ပြုံးရွှင် သွားပါတော့သည်။

***

ထိုနေ့မှစ၍ ကျွန်မ၏ သူငယ်ချင်းစာရင်းတွင် သျှားအပြင် မြတ် သော်ခန့်ဆိုသည့် ကောင်လေးတစ်ယောက်ပါ ထပ်တိုးလာခဲ့တော့သည်။

မြတ်သော်က ကျွန်မတို့နှစ်ယောက်နှင့် အတန်းတူသော်လည်း အသက်

တစ်နှစ် ပိုကြီးသည်။ ထို့ကြောင့် သူကိုယ်သူ အစ်ကိုကြီးဟု ခံယူကာ ကျွန်မတို့နှစ်ယောက်အပေါ် အလွန်သည်းခံသည်။ အထူးသဖြင့် သူ့အပေါ် တမင်ဆိုးပြသော သျှားကို ပို၍ အလိုလိုက်သည်။

ကြမ်းကြမ်းတမ်းတမ်း ကစားတတ်သော သျှားက သူ့ကစားစရာတွေကို ဖျက်ဆီးပစ်လျှင် မည်သည့်အခါမှ အပြစ်မပြော။ ပြုံးပြုံးလေးနှင့်သာ ကြည့်နေပြီး နောက်ထပ်တစ်ရုပ် ချက်ချင်း ထပ်ယူပေးသည်။ ရာထူးအတန်အသင့်ရှိသော အစိုးရဝန်ထမ်း မိဘနှစ်ပါး၏ တစ်ဦးတည်းသောသား ဖြစ်သဖြင့် မြတ်သော်၏ အဝတ်အစား၊ နေထိုင်မှုပုံစံက ကျွန်မတို့နှင့် ယှဉ်လျှင် အမြဲသန့်သန့်ပြန့်ပြန့် ဖြစ်နေတတ်သည်။ သို့သော်လည်း သျှား စိတ်လိုပြီဆိုလျှင် သူ့အမေ၏ အဆူအရိုက်ကို ခံကာ ရွှံ့တော၊ ဖုန်တောတွင် လူးလှိမ့်၍ ကစားပေးသည်။

ကလေးသဘာဝ ကစားရင်း ထိခိုက် ဒဏ်ရာရခဲ့လျှင်လည်း သူ့ဒဏ်ရာထက် သျှား၏ ဒဏ်ရာကိုသာ အရေးတယူလုပ်ကာ တနုနု တရွရွ ဖြစ်နေတတ်သည်။

မွေးကတည်းက အနှိမ်ခံလာရသည့် စိတ်ဒဏ်ရာကြောင့် သူစိမ်းတွေကို တော်ရုံ မခင်တတ်သော သျှားကတော့ နွေရာသီမှာ ကျောင်းပိတ်ရက်ကုန်တဲ့အထိ မင်းနဲ့ငါ သူငယ်ချင်း မဟုတ်ဘူးနော်လို့ ခပ်ပြတ်ပြတ် ပြောနေဆဲပင်။

မြတ်သော်အတွက် ကံကောင်းခြင်းဟုပင် ဆိုရမလားတော့ မသိ။ ကျောင်းတွေ ပြန်ဖွင့်ချိန် အသစ်ပြောင်းလာသော မြတ်သော်က ကျွန်မတို့နှစ်ယောက်နှင့် တစ်ခန်းတည်း ကျသည်။

ကျောင်းအတွက် ရန်ပုံငွေတွေ အများကြီး လှူထားသော မြတ်သော်အဖေကြောင့် အတန်းပိုင်ဆရာမက အရေးပေးကာ ရှေ့ဆုံးတန်းတွင် နေရာပေး

ပါသော်လည်း မြတ်သော်ကတော့ နေ့မကူးခင်မှာပင် သျှားဘေးကခုံသို့ ရောက်သွားခဲ့သည်။ ပုံမှန် သျှားဘေးမှာ ထိုင်တတ်သည့် ဝတုတ်ကောင် ကို မြတ်သော်က မုန့်ဝယ်ကျွေးကာ သူနှင့် နေရာလဲထိုင်ပေးဖို့ ပြောသည်ဟု နောက်တစ်ပတ် အကြာတွင် ဝတုတ်က ကျွန်မကို ပြန်ပြောပြသည်။

ထိုစာသင်နှစ် တစ်နှစ်လုံး သျှားက ကျွန်မ၏ အကူအညီကို လုံးဝ မ လိုအပ်တော့။ သျှား၏ အိမ်စာစာအုပ် အားလုံးနီးပါးတွင် မြတ်သော်၏ လက်ရေးစောင်းစောင်းလေးတွေက နေရာယူထားသည်။ ဖတ်စာအုပ် အစုံအလင်မရှိသော သျှားအတွက် မြတ်သော်က သူကိုယ်တိုင် မုန့်ဖိုးစုကာ ဖတ်စာအုပ်အသစ်ကိုမှ ဝယ်ပေးသည်။ နေ့လယ် ထမင်းချိုင့်တွင် ပဲပြုတ်ကြော်သာ ပါတတ်သော သျှားကို သူ့ ထမင်းချိုင့်မှ ကောင်းပေ့ဆိုသည့် အသားတုံးတွေသာ ရွေးပြီး ထည့်ကျွေးတတ်သည်။

မုန့်ဈေးတန်းတွင် မုန့်ဝယ်တိုင်း သူစားသည့်မုန့်အတိုင်း အမြဲနှစ်ထုပ် ပို၍ ဝယ်လာတတ်ခြင်း၊ ကျူရှင်များများယူနိုင်၍ တချို့ပုစ္ဆာများကို အများထက် သာလွန်အောင် ရှင်းပြပေးနိုင်ခြင်း စသည်တို့ကတော့ သျှားအတွက်သာ မက ကျွန်မအတွက်ပါ အဖိုးမဖြတ်နိုင်သော အကျိုးအမြတ်တွေ ဖြစ်ခဲ့ရ သည်။

တစ်နှစ်လုံး မြတ်သော်က သူ့မျက်နှာအရိပ်အကဲကို ကြည့်ကာ လိုသမျှ ဖြ ည့်ဆည်းပေးနေသော်လည်း သျှားကတော့ ဒုံရင်းအတိုင်း ခပ်မာမာ ဆက်ဆံနေဆဲပင်။

ပဉ္စမတန်း နောက်ဆုံး စာမေးပွဲပြီးသည့်နေ့တွင်တော့ သျှား၏ မဟာချေ မိုးမှုကြီး အဆုံးသတ်ခဲ့ရတော့သည်။

ထိုနေ့က သိပ္ပံဘာသာရပ် ဖြေဆိုရမည့်နေ့။ တစ်လုံးမှ မရတော့ဘူးဟု ကျွန်မထံတွင် ညည်းညည်းညူညူ ပြောနေသော သျှားကို မြတ်သော်က ဒီ

အတိုင်းလေးသာ ငေးကြည့်နေခဲ့သည်။ စာမေးပွဲခန်းထဲတွင်တော့ ကျွန်မလည်း ဘယ်သူကိုမှ အာရုံမစိုက်အားဘဲ ရသလောက်သာ ကုန်းရုန်းဖြေနေမိသည်။ ဖြေဆိုချိန် တစ်ဝက်ကျော်သည့်အချိန် အုန်းခနဲ ဆရာမ၏ စားပွဲထုသံကြောင့် တစ်တန်းလုံး အလန့်တကြား ဖြစ်သွားကြသည်။

"မြတ်သော်ခန့်။ အတတ်ကောင်းတွေ တတ်နေတယ်ပေါ့ ဟုတ်လား။ ပြောစမ်း နင် ဘယ်သူနဲ့ မေးခွန်းစာရွက်လဲဖို့ လုပ်နေတာလဲ"

ဆရာမ၏ ဒေါသတကြီး အမေးကို မြတ်သော်က တစ်လုံးမှ ပြန်မဖြေသော်လည်း ဘယ်သူ့အတွက်လဲဆိုတာ ကျွန်မ ကောင်းကောင်းကြီး ရိပ်မိနေခဲ့ပါသည်။

ထိုနေ့က စာမေးပွဲပြီးပြီးချင်း မြတ်သော်တစ်ယောက် ဆရာကြီးရုံးခန်းသို့ ရောက်သွားရသည်။ ကျွန်မတို့ နှစ်ယောက်လည်း ကျောင်းဝင်းထဲက ညောင်ပင်ကြီးအောက်တွင် မြတ်သော် ထွက်အလာကို ရင်တမမနှင့် ထိုင်စောင့်နေကြရသည်။

သျှား၏ မျက်နှာက ကျွန်မ တစ်ခါမှ မမြင်ဖူးလောက်အောင်အထိ ညှိုးငယ်နေသည်။

"ငါသူ့ကို အဲဒီလိုလုပ်ဖို့ တကယ် အကူအညီတောင်းခဲ့တာ မဟုတ်ဘူးနော်။ သိလား မိဝေ"

ဒါချည်းပဲ ထပ်ပြန်တကျည်ကျည် ပြောနေသော သျှားကြောင့် ကျွန်မစိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်မိသည်။

"သိပါတယ် သျှားရယ်။ နင်ပြောနေတာ အကြိမ်တစ်ရာလောက် ရှိနေပြီကို"

"ဒါနဲ့များ ဘာဖြစ်လို့ သူ့ကိုယ်သူ အနစ်နာခံပြီး ..."

သျှား၏ စကားမဆုံးခင်မှာဘဲ ရုံးခန်းထဲမှ ထွက်လာသော မြတ်သော်ကြောင့် ကျွန်မတို့ နှစ်ယောက်လုံး အသည်းအသန် ပြေးသွားမိသည်။

"ဘာဖြစ်သွားသေးလဲ မြတ်သော်။ ဆရာကြီးက ဘာတွေ ပြောလဲ"

ကျွန်မ အလောတကြီး မေးသည်ကို မြတ်သော်က ပြုံးပြီး ခေါင်းယမ်းကာ ငြင်းသည်။

"ဘာမှ မဖြစ်ဘူး နောက်ဒါမျိုး မလုပ်နဲ့လို့ဘဲ မှာတယ်"

ရုတ်တရက် သျှားက နောက်တွင် မသိမသာ ဝှက်ထားသော မြတ်သော်၏ လက်ကို ဆွဲယူလိုက်သည်။ ကျွန်မလည်း ငုံကြည့်လိုက်မိတော့ မြတ်သော်၏ လက်ဖဝါးနှစ်ဖက်လုံးက အရှိုးရာများနှင့် ရဲရဲနီနေသည်။

"မင်း အရိုက်ခံလာရတယ်"

ခေါင်းငုံ့ကာ ပြောသော သျှား၏ အသံက အနည်းငယ် တုန်ယင်ချင်နေသည်။

"နည်းနည်းလေးပါ ဘာမှမဖြစ်ဘူး။ သွားရအောင်လေ။ ဒီနေ့ ငါမင်းတို့ကို ရေခဲသုပ် ဝယ်ကျွေးမယ်"

သျှား ကိုင်ထားသော လက်ကို ပြန်ရုပ်ကာ မြတ်သော်က တက်ကြွစွာ ပြောလာသဖြင့် ကျွန်မလည်း ခေါင်းပဲ ညိတ်ပြလိုက်ကာ ရှေ့က အရင်လှည့်ထွက်လိုက်သည်။

"မင်း ငါ့သူငယ်ချင်း လုပ်ချင်တယ်ဆိုလည်း သဘောပဲ"

သျှားက ခပ်တိုးတိုးသာ ပြောလိုက်ခြင်း ဖြစ်သော်လည်း နားအလွန်ပါးသော ကျွန်မက ပြတ်သားစွာ ကြားလိုက်ရသည်။ ထို့အတူ မြတ်သော်၏ မျက်နှာကြီး မည်မျှ ပြုံးဖြီးသွားမည် ဆိုတာကိုလည်း လှည့်ကြည့်စရာ မလိုပါဘဲနှင့် ကျွန်မ အတပ်သိနေခဲ့ပါသည်။

***

ထိုနေ့က ဖြစ်ရပ်အပြီးမှာတော့ ကျွန်မတို့ သုံးယောက်လုံး အရင်ကထက် အဆပေါင်းများစွာ ပို၍ ရင်းနှီးလာခဲ့ကြသည်။

နွေရာသီကျောင်းပိတ်ရက် တစ်လျှောက်လုံး မိုးလင်းမှမိုးချုပ် အတူတူဆော့ကစားခဲ့ကြသည်။ ကျောင်းပြန်ဖွင့်ချိန်တွင်လည်း မြတ်သော်က သူ့အိမ်ကို အပို့အကြို မလုပ်ခိုင်းတော့ဘဲ ကျွန်မတို့နှင့်သာ အသွားရော၊ အပြန်ရော အတူလမ်းလျှောက်ခဲ့သည်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်များတွင် ကျွန်မတို့ မြို့လေးထဲရှိ ရုပ်ရှင်ရုံ၊ ပန်းခြံ၊ ဈေးတန်းစသည့် နေရာများသို့ အတူတူလျှောက်လည် ဖြစ်ကြသည်။ စာမေးပွဲနီးချိန်များတွင် လွတ်လွတ်လပ်လပ်ရှိသော ကျွန်မအိမ်၌ ညဉ့်နက်သည်အထိ စာအတူ စုကျက်ခဲ့ကြသည်။

တရားဝင် သူငယ်ချင်း ဖြစ်ခွင့်ရသွားပြီ ဖြစ်သော်လည်း မြတ်သော်၏ ငသျှားအပေါ် ဂရုစိုက်မှုတွေကတော့ အရင်တုန်းကအတိုင်း လုံးဝလျော့မသွားခဲ့ပေ။

ဤသို့ဆို၍ ကျွန်မကို အလေးမထားဘူးလား ဆိုတော့လည်း မဟုတ်ပြန်။ သူငယ်ချင်း အရင်းတစ်ယောက်လို အဖော်ပြုသည့်အပြင် အစ်ကိုတစ်ယောက်ကဲ့သို့ပါ စောင့်ရှောက် ပေးတတ်ပါသော်လည်း ဘာကြောင့်မှန်းမသိ ငသျှားအပေါ် ဆက်ဆံတာနှင့်တော့ တစ်ခုခု ကွာခြားနေသလို ခံစားရသည်။

နှစ်ယောက်လုံးကို ရေခဲမုန့် ဝယ်ကျွေးတာချင်း အတူတူ ငသျှား အကြိုက်ဆုံး အရသာကိုတော့ ထုတ်မပြောဘဲနှင့် သိနေခဲ့ပြီး ကျွန်မအတွက်တော့ လုံးဝ အနံ့မခံနိုင်သည့် ဒူးရင်းရေခဲမုန့် ဝယ်လာပေးတာမျိုး၊ ကျွန်မမွေးနေ့တိုင်းတွင် ဈေးကြီးသည့် အသုံးအဆောင် တစ်မျိုးမျိုးကိုသာ လက်ဆောင်

အဖြစ် ပေးခဲ့သော်လည်း သျှားရဲ့ ၁၃ နှစ်ပြည့် မွေးနေ့အတွက်တော့ သူကိုယ်တိုင် ရက်အတော်ကြာ အချိန်ယူပြီး ထိုးထားသည့် Crochet Beanie လေးကို လက်ဆောင်ပေးခဲ့တာမျိုး။

ထို့ပြင် သျှားကို ကျွန်မ အပါအဝင် အတန်းသား အားလုံးနီးပါးက c သျှား သို့မဟုတ် သျှားထက်ညီဟုသာ ခေါ်ကြသော်လည်း မြတ်သော်ကတော့ အများနှင့်မတူ တစ်မူထူးကာ ထက်ညီဟု ခေါ်သည်။ သို့သော်လည်း ကျွန်မကိုတော့ တစ်လောကလုံးက ခေါ်သလို ဝေနှင်းဟုသာ ခေါ်မြဲပင်။

ဤသို့ အသေးအဖွဲ ကွာခြားချက်လေးတွေကို သတိမူမိပါသော်လည်း ကလေးသဘာဝ ကျွန်မ တောင်တောင်အီအီတွေ လျှောက်မတွေးခဲ့။

ကျွန်မကလွဲပြီး အခြား ဘယ်သူမှ မရှိခဲ့သော သျှားကို မြတ်သော်လိုလူက စိတ်ရင်းအမှန်နှင့် ခင်မင်ပေးတာကိုပင် ကျွန်မ အတော်လေး ဝမ်းသာနေခဲ့ရတာ ဖြစ်သည်။ ဘုရားရှိခိုးသည့် အချိန်တိုင်း ကျွန်မတို့ သုံးယောက် အခုလို ပုံစံလေးအတိုင်း မပြောင်းမလဲ နေသွားခွင့်ရဖို့ အမြဲထည့်ဆုတောင်း ဖြစ်ခဲ့သည်။

သို့သော်လည်း ဖြူစင်သော ကလေးဘဝဆိုသည့် အချိန်ကာလက အတော်လေးပဲ အကုန်မြန်မှန်း ကိုယ်တိုင်ပင် သတိမမူမိပါဘဲ အရွယ်ရောက်လာသည့် အချိန်ကျမှ ကျွန်မ ရိပ်မိခဲ့ရပါတော့သည်။

***

အတန်းတွေ၊ အသက်တွေ ကြီးလာသည်နှင့်အမျှ ကျွန်မတို့ သုံးယောက်လုံးတွင်လည်း ပြောင်းလဲမှုတွေ ဖြစ်လာသည်။

ပထမဆုံး ပြောင်းလဲမှုကတော့ ကျွန်မ မိန်းကလေးဆန်ချင် လာခြင်းပင်။ လှလှပပ ဝတ်စားချင်စိတ် ဖြစ်လာသလို သူစိမ်း ယောကျ်ားလေးများနှင့်

ဆက်ဆံရသည့်အခါ ကျွန်မ ရှက်သလို ရွံ့သလို ဖြစ်လာတတ်သည်။

သို့သော်လည်း အဆိုးဆုံးကတော့ မြတ်သော် ပြုံးလိုက်သည့် အချိန်တိုင်း ကျွန်မ ရင်တုန်သလို ဖြစ်လာတတ်ခြင်းပင်။

ငယ်စဉ်ကတည်းက အသားညိုညိုနှင့် ခန္ဓာကိုယ်ထွားသော မြတ်သော်က လူပျိုပေါက်အရွယ် အသက် ၁၅ နှစ် ဖြစ်လာသည့် အချိန်တွင်တော့ ထောင်ထောင်မောင်မောင်းနှင့် ညိုချော တစ်ယောက် ဖြစ်လာတော့သည်။ ငယ်ငယ်က ရုပ်ဖျက်သယောင် ဖြစ်နေသော မျက်မှန်ကြီးမှာလည်း ခုတော့ လေးထောင့်ဆန်ဆန် မျက်နှာကျကို ပို၍ ခန့်ညားစေရန် ပံ့ပိုးပေးသလို ဖြစ်လာသည်။

မြတ်သော်ခန့်ဆိုလျှင် တစ်ကျောင်းလုံးက မိန်းကလေးများ၏ အသဲစွဲဟု တင်စားရမလိုအထိ နာမည်ကြီးလှသည်။

ငယ်ပေါင်းကြီးဖော် သူငယ်ချင်းဖြစ်သည့် ကျွန်မအနေနှင့် ထိုမိန်းကလေးများလောက် အသည်းအသန် ဖြစ်နေခြင်း မဟုတ်သော်လည်း သစ်ရွက်လှုပ်လျှင်ပင် ရင်ခုန်တတ်သည့်အရွယ်မို့ ဘာရယ်မဟုတ် စိတ်ကူးယဉ်မိတာကတော့ အမှန်ပင်။

မြတ်သော်က ခန့်ညားချောမောမှုဖြင့် နာမည်ကြီးလာသလို ငသျှားကလည်း သူ့နည်းသူ့ဟန်ဖြင့် ကျော်ကြားလှသည်။

ကျောင်းရှိ ရန်ပွဲ အားလုံးနီးပါးကို ငသျှားက ဦးဆောင်သည်။ အရွယ်ရောက်လာလေလေ၊ အိမ်တွင်း မပြေလည်မှုတွေ များလာလေလေ ဖြစ်ကာ ငသျှားက ဒေါသ အလွန်ကြီးလာသည်။ ထစ်ခနဲဆို လက်က အရင်ပါပြီးသား ဖြစ်သည်။ ဖြူဖြူပိန်ပိန် ခန္ဓာကိုယ်နှင့်မှ မလိုက်မဖက် လက်သီးကလည်း ပြင်းလှသဖြင့် ရန်ဖြစ်တိုင်း တစ်ဖက်လူသာ အလဲလဲအကွဲကွဲ ခံရသည်က များသည်။

ထို့ပြင် ကျောင်းအိမ်သာအတွင်း ဆေးလိပ် ခိုးသောက်မှု၊ ဆရာမတွေကို မ ချေမငံ ပြန်ပြောမှု၊ စာမေးပွဲအတွင်း စာခိုးချမှုစသည့် အမှုပေါင်းစုံဖြင့် ဆရာကြီးရုံးခန်းအတွင်းသို့ ဝင်ချည်ထွက်ချည် ဖြစ်နေတတ်သည်။

ထိုအခါမျိုးတိုင်း ကျွန်မကသာ ကရုဏာဒေါသဖြင့် ဆူပူနေတတ် သော်လည်း မြတ်သော်ကတော့ အရိုက်ခံထားရသည့် ခြေသလုံးများကို ဆေးထည့်ပေးရုံသာမက လေနှင့်ပါ တဖူးဖူး မှုတ်ပေးရင်း သက်သာသွားမှာ ဟု တဖွဖွ ပြောနေတတ်သည်။

အရွယ်ရောက်လေလေ သူတို့နှစ်ယောက်၏ ကွဲပြားခြားနားမှုတွေက သိသာလာလေလေ ဖြစ်သော်လည်း မြတ်သော်ကတော့ အရင်ကထက်ပင် ပို၍ သျှားကို ဂရုစိုက်လာသယောင် ထင်ရသည်။

စာမေးပွဲနီးတိုင်း စာမကျက်ချင်ဘူးဟု ညည်းညူနေတတ်သော သျှားကို ချောကလက် ရေခဲမုန့်တွေ ဝယ်ကျွေးကာ သူကိုယ်တိုင် အချိန်ကုန်ခံ၍ စိတ်ရှည်လက်ရှည် စာကူကျက်ပေးတတ်သည်။ အဒေါ်နှင့် ပြဿနာဖြစ်ကာ ကျွန်မအိမ်သို့ သျှား ရောက်လာသည့် အချိန်တိုင်း သူပါ ကျူရှင်လစ်ကာ င သျှား စိတ်ပျော်အောင် သုံးယောက်စာ ရုပ်ရှင်လက်မှတ်တွေ ဝယ်ပေးလာ တတ်သည်။ သျှား ဒဏ်ရာရလာ၍ ကျွန်မ ဆေးထည့်ပေးသည့် အချိန် တိုင်း ကာယကံရှင်က တစ်ချက်မှ မတွန့်ပါဘဲ သူကသာ ဘေးကနေ ခြေမ ကိုင်မိ လက်မကိုင်မိ ဖြစ်နေတတ်သည်။

မြတ်သော်ဘက်ကသာ အခုလို ဂရုတစိုက် ပူပန်နေသည်။ သျှားက လုံးဝ အဖက်မလုပ်ဟု ထင်လိုက်လျှင်တော့ မှားသွားမည် ဖြစ်သည်။

လူတကာ အပေါ် ရန်လိုလှပါသည်ဆိုသည့် သျှား၏ ဒေါသတွေက မြတ် သော်၏ လေသံအေးအေး တစ်ခွန်းလောက်နှင့် တွေ့လိုက်ရင်တော့ မီးကို ရေနှင့် ငြှိမ်းလိုက်သလို ဟုတ်ခနဲ ငြိမ်းသွားတတ်သည်က များသည်။

ကျွန်မပြောတုန်းက အလျှင်း ဂရုမစိုက်ဘဲ တစ်နေ့ကို ရှစ်လိပ်နီးပါး စီးကရက်တွေကို မရပ်မနား သောက်နေတတ်ရာမှ မြတ်သော်၏ "နှစ်လိပ်လောက်ပဲ သောက်ပါလား ထက်ညီရယ်။ ငါစိတ်ပူလို့ပါ" ဆိုသည့် စကားတစ်ခွန်းနှင့်ပင် မနက်တစ်လိပ်၊ ညတစ်လိပ်ကလွဲပြီး လုံးဝ ပိုမလာတော့။

မြတ်သော် စာရှင်းပြနေသည့် အချိန်တိုင်းတွင် အာရုံစူးစိုက်ကာ ခေါင်းတညိတ်ညိတ်နှင့် နားထောင် နေတတ်သော်လည်း ကျွန်မက စာအတူကျက်ရအောင်ဟု ပြောသည့် အချိန်တိုင်းတွင်တော့ မရရအောင် ပတ်ပြေးတတ်သည်။

ကိုးတန်း စာမေးပွဲအပြီး နောက်ပိုင်းတွင်တော့ သူတို့ နှစ်ယောက်ကို ကြည့်ရတာ ပိုပြီး ထူးခြားလာသလို ခံစားရသည်။

အရင်က ကျွန်မ မအားသည့် ပိတ်ရက်များတွင် သူတို့နှစ်ယောက်ပါ အိမ်တွင်း အောင်းတတ်သော်လည်း အခုတော့ နှစ်ယောက်တည်း ဟိုဟိုဒီဒီ လျှောက်သွားတတ်ကြသည်။ တစ်ခါတစ်ရံ ကျွန်မကို မပြောဘဲနှင့်ပင် သွားတတ်ကြသေးသည်။

ကျောင်းပြန်ဖွင့်တော့လည်း အတန်းထဲတွင် နှစ်ယောက် ပို၍ ပူးပူးကပ်ကပ် ထိုင်လာကြသလို၊ စာအတူ ကျက်ဖြစ်ကြလျှင်လည်း တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ ဘာတွေကို ပြုံးလို့ ပြုံးမှန်းမသိ ဖြစ်နေကြသေးသည်။

ဆယ်တန်း သုံးလပတ် စာမေးပွဲ နောက်ဆုံးညက ကျွန်မအိမ်တွင် စာစုကျက်နေရင်း "မကျက်နိုင်တော့ဘူးကွာ" ဟုဆိုကာ ရုတ်တရက် မြတ်သော်ပေါင်ပေါ် လှဲအိပ်ချလိုက်သော သျှားကြောင့် ကျွန်မ အတော်လေး အံ့အားသင့် သွားရသေးသည်။

မြတ်သော်က အသံထွက်ရုံ ရယ်ကာ သျှား ဆံပင်တွေကို သပ်တင်

ပေးလိုက်သည့် အချိန်တွင်တော့ ကျွန်မ ပါးစပ်ကိုပင် ပြန်မစိနိုင်တော့။

ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်ကာ အကြောင်သားပင် ငေးကြည့်နေမိတော့သည်။

သူတို့နှစ်ယောက်ကြားက ရင်းနှီးမှုက တစ်မျိုးဆန်းကြယ်နေတာ သေချာလှသော်လည်း ကျွန်မ တိတိပပ အမည်မတပ်နိုင်။ မဖြစ်နိုင်မှန်း သိသော်လည်း "ငါ့ကို ပစ်ပယ်လိုက်တော့မှာလား"ဟု တွေးမိကာ ကျွန်မ ဝမ်းနည်းတတ်လာသည်။

သို့သော်လည်း ဆယ်တန်းပီပီ ကျောင်းစာကို ဦးစားပေးနေရခြင်းကြောင့် ကျွန်မ များများစားစား မတွေးနိုင်။ စာမေးပွဲနီးလေလေ သူတို့နှင့် ဆုံရချိန်နည်းလာလေလေမို့လို့ စာမေးပွဲကြီးပြီးမှ ရအောင် အဖြေရှာမည်ဟု ကျွန်မ တေးထားခဲ့သည်။

တကယ်တမ်း သိချင်လှသည့် အဖြေကို ကြားလိုက်ရသည့် အချိန်မှာတော့ ကျွန်မ အတော်လေး တုန်လှုပ်ချောက်ချားခဲ့ရတော့သည်။

***

ထိုနေ့က ဆယ်တန်း စာမေးပွဲကြီးအပြီး နောက်ဆုံးနေ့။ စာမေးပွဲပြီးပြီးချင်း သုံးယောက်သား ရုပ်ရှင်အတူ သွားကြည့်မည်ဟု ချိန်းထားပြီးသား ဖြစ်သည်။

မိန်းကလေးတို့ သဘာဝ အချင်းချင်း အဖြေတိုက် ဘာညာ လုပ်နေကြသေးသဖြင့် ခေါင်းလောင်းထိုးပြီး နောက်နာရီဝက်အကြာမှ ကျွန်မ ကျောင်းအောက်သို့ ရောက်တော့သည်။

ဆုံနေကျ နေရာ ညောင်ပင်ကြီးအောက် တကျိတ်ကျိတ်နှင့် စကားများနေ

သော နှစ်ကောင်သားကို မြင်လိုက်သဖြင့် လှမ်းခေါ်ဖို့ လုပ်လိုက်စဉ် ...

ရုတ်တရက် ကျွန်မနာမည်ကို ပြောသံကြားလိုက်ခြင်းကြောင့် ကျွန်မ ညောင်ပင်အကွယ်က ခိုးနားထောင်လိုက်မိသည်။

"ငါ မပြောချင်လို့မှ မဟုတ်တာ သော်ရယ်။ ဒါပေမဲ့ မိဝေက ငါမွေးကတည်းက ခင်လာရတာ။ ခုလို ပြောလိုက်လို့ သူ ငါ့ကို ရှုံသွားမှာ ငါလန့်နေတယ်"

"မပြောဘဲ နေတော့ သူ့အတွက် ပိုမတရားဘူးပေါ့ ညီရဲ့၊ ကိုယ်တို့က ချစ်သူတွေ ဖြစ်နေပြီဆိုတာ ကိုယ်တို့ရဲ့ အချစ်ဆုံး သူငယ်ချင်းက အရင် သိသင့်တယ် မဟုတ်လား"

ခပ်အေးအေး ပြောလိုက်သော မြတ်သော်၏ စကားကြောင့် ကျွန်မ နားတွေ အူခနဲ ဖြစ်သွားမိသည်။

ဘုရားရေ သူတို့ နှစ်ယောက်က ... ယောကျ်ားချင်းကြီး ဘယ်လိုကြိုက် ...

တစ်ဝက်တစ်ပျက် အတွေးတွေနှင့်အတူ ကျွန်မ ဒူးတွေပါ ယိုင်ခနဲ ဖြစ်သွားကာ ရှေ့ရှိ သစ်ကိုင်းခြောက်ကို ချော်နင်းမိသွားသည်။

အသံကြားမှ သူတို့နှစ်ယောက်လုံး အလန့်တကြား လှည့်ကြည့်ကာ ညောင်ပင် အနောက်ရှိ ကျွန်မကို မြင်သွားသည်။

"မိဝေ"

ခပ်လေးလေး ခေါ်လိုက်သော သျှား၏ အသံတွင် တောင်းပန်တိုးလျှိုးခြင်းတွေ ပါနေမလား ကျွန်မ မသေချာ။ မျက်ဝန်းတွေကတော့ ဆွေးရိပ်သန်းနေတာ သေချာသည်။

ရင်ထဲ ဗလောင်ဆူနေသော ခံစားချက်ပေါင်းစုံဖြင့် ကျွန်မ ဘာမှ ပြန်မပြောနိုင်။ လွယ်အိတ်ကြိုးကိုသာ ခပ်တင်းတင်း ဆုပ်ကိုင်ကာ နောက်ပြန်လှ

ည့်မကြည့်တော့ဘဲ ထိုနေရာမှ ယိုင်တိုင်တိုင် ထွက်လာခဲ့မိပါတော့သည်။

***

ထိုနေ့မှစ၍ ဘယ်မှ မထွက်တော့ဘဲ အိမ်တွင်းအောင်းကာ ကျွန်မ သူတို့နှစ်ယောက်စလုံးကို ရှောင်နေမိသည်။ မျက်နှာချင်းဆိုင်အိမ်မှ သျှားက တစ်ချက်တစ်ချက် ကျွန်မတို့ အိမ်ကို လှမ်းကြည့်နေတတ်သော်လည်း ကျွန်မက မမြင်ချင်ယောင်သာ ဆောင်နေခဲ့သည်။

ရင်ထဲတွင် ခံစားချက်တွေက ရောထွေးနေသဖြင့် ကျွန်မ စိတ်တွေပါ ကြည်လင်မနေ။ သျှားပြောသလို သူတို့နှစ်ယောက်ကို ရွံရှာစက်ဆုပ်သွားခြင်း မဟုတ်တာ သေချာလှသော်လည်း မယုံကြည်နိုင် ဖြစ်နေမိသည်ကတော့ အမှန်။

မြတ်သော်၏ သျှားအပေါ် ဆက်ဆံပုံမှာ အခြားသူများနှင့်မတူ ထူးခြားသည်ဆိုတာ ကျွန်မ ရိပ်မိတာကြာပြီ ဖြစ်သော်ငြားလည်း အခုလို စိတ်မျိုးကြောင့်ဟုတော့ ကျွန်မ လုံးဝ မထင်မိခဲ့။

ထို့အတူ သျှားဘက်က မြတ်သော်အပေါ် ငယ်ငယ်တုန်းကနှင့် မတူဘဲ ပြောင်းလဲလာတာက ဒီလိုစိတ်တွေ ဖြစ်လာလို့ဟူ၍တော့ ကျွန်မ မတွေးခဲ့မိတာ အမှန်။

ဘုရားရေ ကျွန်မ အတော် တုံးအခဲ့တာပါလား။

မြတ်သော် အပေါ် မရိုးသားစိတ် အနည်းငယ် ဖြစ်နေမိခဲ့တာကို ပြန်တွေးမိတိုင်းလည်း မျက်နှာတွေရော၊ နားရွက်ဖျားတွေပါ ပူတက်လာတဲ့အထိ ကျွန်မကိုယ် ကျွန်မ ရှက်မိသည်။

မရေမရာ စိတ်ခံစားချက်တွေနှင့် တစ်ပတ်နီးပါး ကျွန်မ စိတ်ပင်ပန်းနေခဲ့

ရ အပြီးမှာတော့ ရင်ထဲက သောကတွေ တဖြည်းဖြည်း ပြေလျော့လာကာ ကျွန်မ တစ်စုံတခုကို လွမ်းဆွတ်တမ်းတသလို ဖြစ်လာသည်။

နေသိပ်မပူသော နေ့လယ်ခင်းများတွင် ကျွန်မကိုယ် ကျွန်မ သတိမထားမိဘဲ သျှားတို့ အိမ်ဘက်ကို မျှော်ကြည့်မိသည်။ စားပွဲပေါ်က မြတ်သော်မွေးနေ့လက်ဆောင် ပေးထားသော လက်ပတ်နာရီကို မြင်တိုင်း ကျွန်မ သက်ပြင်းချမိသည်။

မှတ်မှတ်ရရ စာမေးပွဲကြီးအပြီး နှစ်ပတ်အတိ ရာသီဥတု သာယာသော ညနေစောင်းလေးတွင်တော့ ကျွန်မ၏ မရေမရာ စိတ်ပင်ပန်းမှုတွေ အဆုံးသတ်ခဲ့ရသည်။

ထိုနေ့ညနေက ကျွန်မ ခြံထဲရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်ကာ စိတ်ပြေလက်ပျောက် ဝတ္ထုဖတ်နေခဲ့သည်။

ရုတ်တရက် စာအုပ်ပေါ် ကျလာသည့် အရိပ်ကြောင့် မော့ကြည့်လိုက်မိတော့ ...

"သျှား"

ကျွန်မ စာအုပ်ကို ပိတ်ကာ ချက်ချင်းထရပ်လိုက်သည်။

"ငါ ... ငါ နင်ကြိုက်တဲ့ သံပူးဖျော်ရည် ဝယ်လာတယ်"

သျှားက တစ်ခါမှ မမြင်ဖူးသော မျက်နှာငယ်လေးနှင့် အအေးဘူးကို ထိုးပေးသည်။

"ဘယ်တုန်းကတည်းကလဲ"

ကမ်းပေးတဲ့ အအေးဘူးကို မယူသေးဘဲ လေသံမာမာနှင့် မေးလိုက်တော့ သျှားက လက်ပြန်ရပ်ကာ အနေရခက်သလို ခေါင်းကုတ်နေသည်။

စက္ကန့် အချို့ကြာမှ ခပ်တိုးတိုး ပြောသည်။

"ကိုးတန်း စာမေးပွဲကြီး ပြီးတဲ့နေ့က နင် နေသိပ်မကောင်းလို့ အိမ်ပြန်သွားတယ်လေ။ အဲဒီနေ့က ငါနဲ့ သော်က မြို့ထဲက ဈေးတန်းကို လျှောက်လည်ဖြစ်ကြရင်း သော်က ငါ့ကို မထင်မှတ်ဘဲ ဖွင့်ပြောခဲ့တာ။ အဲဒီမှာ ငါ ... ငါလည်း ချက်ချင်း လက်ခံလိုက်မိတယ်"

သျှားက ပြောနေရင်း ခေါင်းပိုငုံ့သွားသည်။

"အဲဒီတော့ နင်တို့က ငါ့ကို ဆယ်တန်းတစ်နှစ်လုံး အရူးလုပ်ထားကြတာပေါ့။ မဟုတ်သေးဘူး။ နင်တို့ နှစ်ကောင် တစ်ယောက်ကို တစ်ယောက် ကြိတ်ကြိုက်နေကြတာ ဘယ်လောက်တောင် ကြာနေပြီလဲ။ ငါ့ကို လုံးဝ မပြောဘဲ နှစ်ကောင်လုံး လျှို့ထားကြတယ်ပေါ့"

ကျွန်မ၏ လေသံက ပိုမာသွားတော့ သျှားက လုံးဝ ခေါင်းမဖော်လာတော့။

"ဘယ်မှာလဲ အဲ မြတ်သော် က"

ကျွန်မ ခပ်ကျယ်ကျယ် အော်မေးလိုက်တော့မှ ခြံရှေ့က ဓာတ်တိုင်နှင့် ကွယ်ရပ်နေသော မြတ်သော်က ခပ်ရွံ့ရွံ့ ထွက်လာကာ ခေါင်းငိုက်စိုက်နှင့် ခြံထဲ ဝင်လာသည်။

တရားသူကြီးရှေ့ ရောက်နေသော အပြစ်သားတွေလို ဖြစ်နေသော နှစ်ယောက်ကို ကြည့်ကာ ကျွန်မ စိတ်ထဲ အတော်ရယ်ချင်လာသည်။

ဒီအတောအတွင်း ခံစားနေသော စိတ်ဖိစီးမှုတွေကလည်း အလျှင်း ပြေပျောက်သွားသလို။

သို့သော်လည်း အမြင်ကတ်ပုဒ်မနှင့် မျက်နှာထားကို အတင်း တည်ထားလိုက်မိသည်။

"ဒီတစ်ခေါက်တော့ ငါ ခွင့်လွှတ်ပေးလိုက်မယ်။ နောက်တစ်ခေါက် ငါ့ကို

တစ်ခုခု အဲဒီလို မပြောဘဲ လှျို့ထားရဲ လှျို့ထားကြည့်။ နင်တို့ နှစ်ကောင်လုံးနဲ့ ငါ သူငယ်ချင်း ဇာတ်လမ်းပြတ်ပြီသာမှတ်။ ငသျှား နင့်လက်ထဲက အအေးက ငါ့အတွက်မလား ပေး"

အအေးကိုသာ အာရုံစိုက်ပြီး သောက်နေသော ကျွန်မကို နှစ်ကောင်လုံးက မဝံ့မရဲ ငေးကြည့်နေကြသည်။

"အဲဒီတော့ နင်က ငါတို့ကို မရှုံ့သွားဘူးပေါ့နော်"

ငသျှား၏ ခပ်တိုးတိုး အမေးကို ကြားတော့ ကျွန်မ မျက်စောင်းထိုးလိုက်မိသည်။

"ရှုံ့မှတော့ နင်ပေးတဲ့ အအေးကို ငါ အခုလို အားပါးတရ သောက်နေပါ့မလား။ တကယ်ပဲ နည်းနည်းပါးပါးလည်း ဦးနှောက် သုံးပြီး စဉ်းစားဦး။ ဘာပဲဖြစ်ဖြစ် နင်တို့က ငါ့ သူငယ်ချင်းတွေပဲ။ ငါ့ကို အရူးလုပ်ထားတာကိုသာ ငါ စိတ်တိုတာ။ နောက်တစ်ခေါက်ဆို နှစ်ကောင်လုံး ကျောစုတ်မယ်မှတ်"

ထိုအခါမှ ငသျှားက ရှက်ကိုးရှက်ကန်းနှင့် တဟဲဟဲ ရယ်နေသည်။ ကျွန်မလည်း ဟန်မလုပ်နိုင်တော့ဘဲ သူတို့နှင့်အတူ ပြုံးမိသွားသည်။

အခုမှပဲ အရာအားလုံး နေသားတကျ ဖြစ်သွားသလို ခံစားသည်။ ငသျှား၏ ဆံပင်တွေကို ခပ်ဖွဖွ သပ်ပေးနေသော မြတ်သော်၏ အပြုံးတွေအပေါ်လည်း ကျွန်မ ဘာရင်ခုန်စိတ်လှုပ်ရှားခြင်းမျိုးမှ မခံစားရတော့။ ပဥ္စမတန်း နွေရာသီတုန်းက အတူရယ်မောခဲ့ကြချိန်တိုင်း ခံစားရသော စိတ်ပျော်ရွှင်မှုမျိုးကိုသာ ကျွန်မ ခံစားရတော့သည်။

အချိန်တွေ ဘယ်လောက်ကြာကြာ ဘာတွေပဲ ဘယ်လိုပြောင်းလဲသွားပါစေ ဒီနှစ်ယောက်ကတော့ ကျွန်မအတွက် ထာဝရ အချစ်ဆုံးသူငယ်ချင်း ဆိုသည့်အချက်ကတော့ မပြောင်းမလဲ တည်ရှိနေမည်ဟု ကျွန်မ ယုံကြည်ခဲ့မိ

ပါသည်။

***

သူတို့နှစ်ယောက် အကြောင်းကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြပြီး နောက်မှာတော့ နှစ်ယောက်လုံးက ကျွန်မရှေ့တွင် ဘာဆိုဘာမှ ဖုံးကွယ်ရန် မလိုတော့ဟု ခံယူလိုက်ကြပုံပေါ်သည်။

ကျွန်မတို့ သုံးယောက်တည်း အတူရှိနေသည့် အချိန်မျိုးဆိုလျှင် နှစ်ကောင်သား ဘာအကြောင်းပြချက်မှမရှိဘဲ တစ်ချိန်လုံး လက်ကိုင်ထားကြသည်။

တစ်ချိန်လုံး သော်ရယ် ညီရယ်၊ ညီရယ် သော်ရယ် ဖြစ်နေကြပုံမှာ နားကြားပင် ကပ်လာရသည်အထိ။

ရုပ်ရှင်ရုံသို့သွားလျှင် သုံးယောက်အတူ ထိုင်နေသည့်အနက် သူတို့နှစ်ယောက်ကြားက လက်တန်းကို ဖယ်ကာ နှစ်ယောက်ပူးကပ်ပြီး ထိုင်ကြသည်။ သရဲကားများ ကြည့်ဖြစ်သည့်အချိန်ဆို သျှားဧ၏ ကြောက်သလို ရှုံ့သလို အိုက်တင်လုပ်ကာ မြတ်သော် ရင်ခွင်ထဲ ပြေးပြေးဝင်သည်ကို ကျွန်မမှာ ဘေးကနေ တစ်ယောက်တည်း စိတ်ပျက်လက်ပျက် ကြည့်နေခဲ့ရသည်။

အဲဒီလောက်ဖြစ်နေလျှင် နှစ်ယောက် အတွဲခုံသွားထိုင်ဟု ဆိုလျှင်လည်း မဟုတ်။ ကျွန်မ တစ်ယောက်တည်း ဖြစ်နေမှာကို မလိုလားဟုဆိုကာ နှစ်ယောက်လုံး အကြောက်အကန် ငြင်းကြသည်။

ကျွန်မအိမ်တွင် စကားစမြည် ပြောရင်း လက်ဖက်သုပ်စားကြသည့် အချိန်ဆိုလျှင် သျှားနှင့် ကျွန်မက ရေပက်မဝင် စကားများ နေတတ်ကြသော်လည်း မြတ်သော်က သိပ်ဝင်ပြောလေ့ မရှိ။

သျှား ကြိုက်တတ်သော လက်ဖက်နှင့် မြေပဲဆံများကိုသာ အဆင့်သင့် စားနိုင်ရန် ပန်းကန်တစ်ခုနှင့် သပ်သပ် ထိုင်ရွေးပေးနေတတ်သည်။

စည်းကမ်းတင်းကျပ်သော မြတ်သော်၏ အိမ်နှင့် အမြဲလိုလို ဆူပူငြူစူနေ တတ်သော သျှားအဒေါ်၏ မိသားစုတို့ကြောင့် လွတ်လွတ်လပ်လပ် ရှိ သော ကျွန်မ၏ အိမ်မှာသာ သူတို့နှစ်ယောက် မကြာခဏ တွေ့ဖြစ်ကြသည်။

တစ်ခါတစ်ရံ ကျွန်မ စက်ချုပ်နေ၍ မအားလပ်သည့် အချိန်မျိုးဆို သူတို့ နှစ်ယောက်ဘာသာ ခြံထဲတွင် ထိုင်ကာ စကားပြောနေတတ်ကြသည်။

တချို့ ညနေစောင်းများတွင် အိမ်ရှေ့ ကွပ်ပျစ်ပေါ်၌ သူ့ပေါင်ပေါ် လှဲနေ သော သျှားကို မြတ်သော်က နူးနူးညံ့ညံ့ ငုံ့ကြည့်ရင်း ကဗျာစာအုပ် တစ် အုပ်ကို တိုးဖွဖွ ဖတ်ပြနေသော မြင်ကွင်းကို အပေါ်ထပ် ဝရန်တာတွင် စက်ချုပ်နေသော ကျွန်မက ကြည့်ကြည်နူးနူး ငေးကြည့်နေမိသည်။

တစ်ခါက ကျွန်မကို လမ်းတွင် လိုက်နှောင့်ယှက်သော လူရမ်းကားတစ် ယောက်ကို သျှားက အားပါးတရ ထိုးကြိတ်လိုက်သဖြင့် နှစ်ယောက်လုံး ရက်ကွက်ရုံးသို့ ရောက်သွားခဲ့ရဖူးသည်။ အိမ်သို့ ပြန်ရောက်ရောက်ချင်း သတင်းကြားထားသော မြတ်သော်က အသင့်ထိုင်စောင့်နေသည်ကို တွေ့ လိုက်ရသည်။

ကျွန်မကို အဆင်ပြေရဲ့လားဟု မေးပြီးသည်နှင့် ချက်ချင်း သျှား၏ လက်ချောင်းတွေကို ဆွဲယူကာ စိုးရိမ်တကြီး ကြည့်သည်။

"ညီရယ် လက်ဆစ်တွေ ပေါက်ပြဲ ကုန်ပြီ။ နောက်ဆို လက်သီးနဲ့ မထိုးပါနဲ့ ခြေထောက်နဲ့သာ ပိတ်ကန် ပစ်လိုက်"

မြတ်သော်၏ စကားကို ကြားတော့ သွားနှစ်ချောင်း ကျွတ်သွားသည့် တစ်ဖက်က လူရမ်းကားကိုပင် ကျွန်မ အားနာမိသလို ဖြစ်သွားရသည်။ ငြ

သျှားကတော့ အခုနက ဒေါသတကြီး လိုမ့်ပိတ်ထိုးနေသည်မှာ သူ မဟုတ်သလို သနားစဖွယ် မျက်နှာငယ်လေးနှင့် မြတ်သော်ကို ငေးကြည့်နေသည်။

ပျော်ရွှင်ဖွယ် ပိတ်ရက်တွေ ကုန်ဆုံးသွားပြီးနောက် မျှော်လင့်နေခဲ့သော ဆယ်တန်း အောင်စာရင်းကြီး ထွက်လာသည့် အချိန်မှာတော့ ကျွန်မ ဝမ်းသာဝမ်းနည်း တစ်ဝက်စီ ဖြစ်ခဲ့ရသည်။

ကျွန်မရော၊ သိပ်မျှော်လင့်မထားသော သျှားကပါ လွတ်လွတ်ကျွတ်ကျွတ် အောင်ခဲ့ကြပြီး မြတ်သော်ကတော့ ဂုဏ်ထူး နှစ်ဘာသာပင် ပါခဲ့သေးသည်။

မိသားစု အခြေအနေအရ ကျွန်မရော၊ သျှားပါ အလုပ်လုပ်ရင်း စာပေးစာယူနှင့်သာ ဘွဲ့ယူရဖို့ ဖြစ်လာသည်။

မြတ်သော်၏ မိဘများက မြတ်သော်ကို စီးပွားရေး တက္ကသိုလ် တက်စေချင်သည်။ မြတ်သော် ကတော့ ဤမြို့နှင့် ခွဲကာ အဆောင်နေရမည် ဖြစ်၍ မတက်ချင်။ သျှားနှင့် မခွဲချင်ဟု ဆိုလျှင်တော့ ပိုမှန်မည် ဖြစ်မည်။

နောက်ဆုံးတော့ တက္ကသိုလ်ကောင်းတစ်ခု တက်ဖြစ်မှ အလုပ်ကောင်းကောင်း ရမည်ဖြစ်ကြောင်း၊ အဲဒီတော့မှ နှစ်ယောက်အတူနေဖို့ အဆင်ပြေမည် ဖြစ်ကြောင်း ကျွန်မနှင့် သျှား၏ နားချမှုကို မြတ်သော်က မငြင်းသာတော့ဘဲ လက်ခံခဲ့သည်။

မြို့မှ မသွားမီညက ကျွန်မတို့ ခြံထဲတွင် ထိုင်ကာ သျှား လက်ကို ဖွဖွလေးဆုပ်ကိုင်ရင်း ကျောင်းပိတ်ရက်တိုင်း ကိုယ်ပြန်လာမယ်၊ စိတ်မပူနဲ့ စသဖြင့် မျက်ရည်ဝဲဝဲနှင့် တဖွဖွမှာနေသော မြတ်သော်ကြောင့် ကျွန်မကသာ ဝမ်းနည်းစိတ်ဖြင့် မျက်ရည်ကျမိသော်လည်း သျှားကတော့ ပြုံးကာ ခေါင်းတွေသာ ညိတ်ပြနေခဲ့သည်။

ထိုညက တက္ကသိုလ်ဆိုသည့် အရာက သူတို့နှစ်ယောက်၏ ချစ်ခြင်းတွေ ကွဲကွာရဖို့ လမ်းစများ ဖြစ်နေမလားဟု ကျွန်မ နိမိတ်မရှိစွာ တွေးမိခဲ့ပါသေးသည်။

***

တကယ်တမ်းတွင်တော့ ကျွန်မ၏ အထင်တွေက တက်တက်စင်အောင် လွဲချော်ခဲ့ရသည်။

စက်ရုံတစ်ခုတွင် အလုပ်ဆင်းရသော သျှားက သူ့လုပ်အား အားလုံးနီးပါးကို သူ့အဒေါ်အား အပ်ရသည်။ သူ့ အဒေါ် ပြန်ပေးသော မဖြစ်စလောက် မုန့်ဖိုးလေးများကိုလည်း အခြား ဘယ်နေရာမှာမှ မသုံးဘဲ စနေ၊ တနင်္ဂနွေ ပိတ်ရက်များတွင် မြတ်သော်နှင့် ဖုန်းပြောဖို့သာ စုထားတတ်သည်။

လူကြုံရတိုင်းလည်း အဒေါ်ဖြစ်သူ မသိအောင် ငါးခြောက်ငါးခြမ်းများရော၊ ဆီများပါ ခိုးဝယ်ပြီး မြတ်သော်အတွက် ကြော်လှော်ပေးဖို့ ကျွန်မကို မျက်နှာငယ်နှင့် ပူဆာတတ်သေးသည်။

မြတ်သော်ကလည်း သူ့မိဘပို့ပေးသော မုန့်ဖိုးများထဲမှ ခြစ်ကုတ်ကာ c သျှားအတွက်သာမက သျှား အငြိုငြင်မခံရစေရန် အလို့ငှာ သူ့အဒေါ်မိသားစုအတွက်ပါ လက်ဆောင်တွေကို လတိုင်း ပို့ပေးတတ်သည်။

ဖုန်းပြောရုံသာ အားမရသေးဘဲ ညီ့ကို မည်မျှ လွမ်းဆွတ်တမ်းတ နေရပါကြောင်း၊ ညီ မရှိတဲ့ နေ့ရက်တွေက မည်မျှ ခြောက်ကပ်ဖွယ် ကောင်းနေပါကြောင်း စသဖြင့် အီစီကလီ ရေးထားသော စာများကိုလည်း အဆက်မပြတ် တစ်ချိန်လုံး ထည့်ပေးနေသေးသည်။ စာရောက်သည့်အချိန် သျှားက ကျွန်မကို လာကြွားတိုင်း တည်တည်တံ့တံ့ မြတ်သော်ရုပ်ကြီးနှင့်

တွဲမြင်မိကာ ကျွန်မမှာ မအီမသာ ဖြစ်ရတော့သည်။

ကျောင်းပိတ်ရက်များတွင်လည်း ပြန်ရောက်မည့် အချိန်ကို အတိအကျ ကြိုပြောထားကာ သျှားကို ကျွန်မအိမ်တွင် ကြိုစောင့်ထားခိုင်းတတ်သည်။ ထို့နောက် မိဘအိမ်တွင် အထုပ်အပိုး ချပြီးသည်နှင့် အသည်းအသန် ပြေးလာတတ်သည်။

ထိုအချိန်မျိုးဆို ကျွန်မမှာ မြတ်သော်ကို သတိရသည်မှာ မှန်သော်ငြားလည်း ချက်ချင်း အိမ်ရှေ့မထွက်ရဲသေး။ ခြံထဲမှ သရက်ပင်ကြီးနှင့် ကွယ်ကာ အနမ်းတွေခြွေရင်း အလွမ်းသယ်နေကြမည့် နှစ်ယောက်ကို မျက်နှာပူရသောကြောင့် ဖြစ်သည်။

စရောက်သည့်နေ့မှ စ၍ ကျောင်းပြန်ဖွင့်မည့် အချိန်ထိ နေ့တိုင်းနီးပါး င သျှားနှင့်သာ အချိန်ကုန်လေ့ရှိသည်။ ဘာတွေများ အဲဒီလောက် ပြောစရာလုပ်စရာတွေ ရှိနေပါလိမ့်၊ ငြီးပဲ မငြီးငွေ့နိုင်ဟု ကျွန်မ တွေးမိသည်အထိ။

မည်သို့ပင် ဆိုစေကာမူ သူတို့နှစ်ယောက်၏ ချစ်ခရီးလမ်းလေး အနှောင့်အယှက် ကင်းကင်း သာယာဖြောင့်ဖြူးနေတာကိုပင် ကျွန်မ အတော်လေး ဝမ်းသာပီတိ ဖြစ်ခဲ့ရသည်။

သို့သော်လည်း ပျော်ရွှင်ဖွယ် ကောင်းသည့် နေရက်တွေဆိုတာ ရေရှည် မခံတတ်မှန်း မြတ်သော် ဘွဲ့မရမီ တစ်လ အလိုမှသာ သိခဲ့ရသည်။

***

ထို့နေ့က မြို့ထဲက ပန်းခြံကို လာခဲ့ဖို့ ကိုကြီး မြတ်သော်က မှာလိုက်တယ်ဆိုသည့် ရက်ကွက်ထဲက ကလေး၏ စကားကြောင့် ကျွန်မမှာ ကြောင်တောင်တောင်နှင့် စက်ဘီးကိုယူကာ အပြေးထွက်လာခဲ့ရသည်။

ပန်းခြံထဲရောက်တော့ မြတ်သော်သာမက သျှားပါ ခုံတန်းပေါ်တွင် ငုတ်တုတ်လေး ထိုင်နေကြသည်။ မြတ်သော်၏ မျက်နှာက တင်းမာနေသလောက် သျှားကတော့ မျက်နှာငယ်လေးနှင့် ဖြစ်နေသည်။

ဘေးတွင် ချထားသော အထုပ်အပိုးများကို မြင်တော့ ကျွန်မ မျက်စိပြူးသွားမိသည်။

"ဟဲ့ ဘယ်လိုတွေ ဖြစ်လာကြတာလဲ"

ကျွန်မမေးတော့ မြတ်သော်က အံကို တင်းတင်းကြိတ်ကာ ဖြေသည်။

"ငါတို့နှစ်ယောက်အကြောင်းကို ငါ့မိဘတွေ သိသွားကြပြီ"

ကျွန်မ သက်ပြင်းသာ ချလိုက်မိသည်။ ဧရိယာ ဘယ်လောက်မှ မကျယ်သော ဤမြို့လေးထဲတွင် သတင်းပျံ့နှံ့ဖို့ဆိုတာ အလွန် လွယ်ကူလှသည်။ ကျွန်မနှင့် သို့လောသို့လော ထင်နေကြခြင်းကြောင့်သာ စောစောစီးစီး မရိပ်မိကြတာ ဖြစ်နိုင်သည်။

"အဲဒီတော့ ဘယ်လိုတွေ ဖြစ်သွားတုန်း"

ကျွန်မက စိုးရိမ်တကြီး မေးတော့ မြတ်သော်က အသက်ကို ပြင်းပြင်းရှူသွင်းသည်။ မြတ်သော်၏ မျက်နှာ ဤမျှအထိ မာထန်နေသည်ကို ကျွန်မ တစ်ခါမှ မမြင်ဖူးသေးပေ။

"ဘာပြောကောင်းမလဲ ရှက်လှပါချည်ရဲ့တွေ ဖြစ်ကြတာပေါ့။ အဖေက ငါ့ကို ထိုးမယ် တကဲကဲ လုပ်နေလို့ အမေက ဆွဲထားရသေးတယ်။ အခု ညီနဲ့ ဖြတ်ရင် ဖြတ်။ မဟုတ်ရင် အိမ်ပေါ်ကဆင်းတဲ့။ အဲဒီတော့ မြင်တဲ့အတိုင်းပဲ"

မြတ်သော်က သူ့ဘေးက အထုပ်တွေကို မေးဆတ်ပြသည်။ သျှားကလည်း ခေါင်းငုံ့ကာ နှုတ်ခမ်းကိုက်နေသည်။

ကျွန်မလည်း သက်ပြင်းချကာ ပြေရာပြေကြောင်း ပြောဖို့ ကြိုးစားကြည့်မိသည်။

"ဒေါသထွက်တုန်း ခဏနေမှာပါ မြတ်သော်ရယ်။ အချိန် ခဏ ယူပြီး ဖြောင့်ဖြဖို့ ကြိုးစားကြည့်ပါဦး"

မြတ်သော်က ခေါင်းခါသည်။

"သူတို့က ငါ ဘွဲ့ရတာနဲ့ နိုင်ငံခြားကို လွှတ်ဖို့ စီစဉ်နေကြတာ။ အစကတည်းက ငါ အဲဒါကို သိနေလို့ ဘွဲ့ရပြီးပြီးချင်း ညီနဲ့အတူ နေနိုင်ဖို့ အစီအစဉ်ဆွဲနေခဲ့တာ။ နင်နဲ့လည်း တိုင်ပင်မယ်ပေ့ါ။ အခုကတော့ ရုတ်တရက် ဖြစ်သွားလို့ နည်းနည်း ကမောက်ကမ နိုင်သွားတယ်။ ဒါပေမဲ့ ငါတို့ အခုမှ မသွားရင် တစ်သက်လုံး ဝေးကြရတော့မှာ။ ငါ ညီနဲ့ မခွဲနိုင်ဘူး"

ပြောရင်းနှင့် အစကတည်းက ကိုင်ထားသော သျှားရဲ့ လက်ဖဝါးကို ပို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်သည်။ သျှားကလည်း မြတ်သော်ကျောကို ပွတ်ပေးရင်း သက်ပြင်းချနေသည်။

"အဲဒီတော့ အခု အစီအစဉ်က ဘယ်လိုလဲ"

ကာယကံရှင် နှစ်ယောက်တော့မသိ။ ကျွန်မကတော့ အကြီးအကျယ် ရင်တုန် စိတ်လှုပ်ရှားနေမိသည်။

"ငါတို့ မကွေးကို သွားမယ်။ ဟိုမှာ ငါ့တက္ကသိုလ်က သူငယ်ချင်းအရင်းရှိတယ်။ သူ့အိမ်မှာ တစ်ရက်၊ နှစ်ရက်တည်းပြီး နေသားကျတာနဲ့ အဆောင်တစ်ခုမှာ ပြောင်းနေပြီး ငါရော၊ ညီရော စက်ရုံမှာ အလုပ်ဆင်းမယ်။ ငါ ဘွဲ့ရပြီးမှ ပို အဆင်ပြေမဲ့ အလုပ်တစ်ခု ထပ်ရှာတာပေ့ါ"

မြတ်သော် အသံက တက်ကြွမှုတွေ ပြည့်နေသည်။ မိဘအိမ်မှ ဆင်းလာရ

သူတစ်ဦး၏ ဝမ်းနည်းကြေကွဲမှုမျိုးတွေ အနည်းငယ်မှ ရှိမနေ။

မကွေးနှင့် ကျွန်မတို့နေသည့် မြို့မှာ ၂ နာရီ ခရီးသာ ရှိသော်လည်း ကျွန်မ ရင်ထဲတွင်တော့ ခွဲရတော့မည်ဆိုသည့် စိတ်နှင့် နွမ်းလျသွားမိသည်။

"နင်ကရော သျှား"

ကျွန်မမေးတော့ သျှားက ပခုံးတွန့်ပြသည်။

"ငါကတော့ ဘာမှ နစ်နာစရာမှ မရှိတာ။ ငါ့ လစာမရတော့လို့ ထိုင်ဆဲနေမဲ့ အဒေါ်ပဲ ရှိတယ်။ သော် ပြောကတည်းက အထုပ်တောင် တစ်ခါတည်း ပြင်လာပြီးသား။ ဒါပေမဲ့ ငါ သော့်အတွက် စိုးရိမ်တယ်။ ငါကြောင့်နဲ့ ..."

သျှားက ပြောလက်စ စကားကို ရပ်လိုက်သည်။ မြတ်သော်က ခေါင်းငုံ့နေရာမှ သျှားကို တည့်တည့်စိုက်ကြည့်သည်။

"မင်းက ငါ့အတွက် အရေးအကြီးဆုံးပဲလို့ ငါ မပြောခဲ့ဘူးလား ညီ။ မင်းအတွက်ဆို ဘာတွေပဲ စွန့်လွှတ်ရ စွန့်လွှတ်ရ ငါ လုံးဝ တွေဝေမှာ မဟုတ်ဘူး။ အခုရော၊ နောင်ရော မင်းအတွက်ဆို ဘာနောင်တမှ ဖြစ်တည်လာမှာ မဟုတ်ဘူး။ ငါတို့နှစ်ယောက်အတူ ပျော်စရာကောင်းတဲ့ ဘဝတစ်ခုကို ထူထောင်နိုင်မှာပါ။ ငါ့ကို ယုံပေးမယ်မလား ညီ"

မြတ်သော်၏ စကားလုံး တစ်လုံးချင်းစီက တည်ကြည် လေးနက်လွန်းနေသည်။ မျက်ဝန်းထဲမှာ ပြည့်နေသော မြတ်နိုးရိပ်တွေက အပြင်ကို လျှံကျလာမှာပင် စိုးရိမ်ရသည်။

သျှားကလည်း မျက်ရည်လည်နေသော မျက်ဝန်းတွေနှင့် ခေါင်းပြန်ညိတ်ပြသည်။ ပြီးမှ ကျွန်မ ရှိနေတာကို သတိထားမိဟန်ဖြင့် နှစ်ကောင်လုံး ရှက်ရှက်နှင့် ခေါင်းကုတ်ကြတော့သည်။

"ကဲ အဲဒါဆို ငါတို့ သွားတော့မယ် မိဝေ"

ပြောပြောဆိုဆို ထရပ်ကာ နှစ်ယောက်လုံး အိတ်တွေဆွဲကြသည်။

"နင်တို့ ငါ့ကို အဆက်အသွယ်တော့ မဖြတ်ကြနဲ့နော်။ နှစ်ပတ်တစ်ခါလောက်တော့ ဖုန်းဆက်သိလား။ အဆင်ပြေတဲ့ အချိန်တိုင်းလည်း ပြန်လာနော် သိလား"

ကျဆင်းလာသော မျက်ရည်များကို ကျွန်မ မထိန်းနိုင်။ ရှိုက်သံစွက်နေသဖြင့် ကျွန်မ အသံက ဗလုံးဗထွေးတွေ ဖြစ်နေလောက်သည်။

နှစ်ယောက်လုံးက ကျွန်မကို ဖုန်းဆက်ပါမည့် အကြောင်း ကတိတွေ ပေးကာ မငိုတော့ဖို့ ချော့မော့သည်။

ခဏအကြာမှာတော့ သူတို့လည်း သွားရတော့မည် ဖြစ်၍ ကျွန်မကို အခုအိမ်ပြန်တော့ဖို့ ပြောသည်။

စက်ဘီးနင်းလာသည့် လမ်းတစ်လျှောက်လုံး ကျွန်မ မငိုမိစေရန် ကြိုးစားထိန်းသည်။ ခြံထဲသို့ ပြန်ရောက်လာသည့် အချိန်မှ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ထိုင်ကာ ကျွန်မ အားပါးတရ ငိုချမိတော့သည်။

ခဏတာ ခွဲခွာရခြင်းသည်ပင်လျှင် ဤမျှ နာကျင်ခဲ့ရလျှင် ထာဝရသာ ခွဲခွာရမည်ဆို မည်သို့ ခံစားရမည်လဲ ဟုတော့ ကျွန်မ ထိုအချိန်က မတွေးခဲ့မိတာ အမှန်ပင် ဖြစ်သည်။

***

သူတို့နှစ်ယောက် ထွက်သွားပြီး နောက်တစ်ရက်တွင် ချောချောမောမော ရောက်ကြောင်း ဖုန်းဆက်ပြီးကတည်းက နောက်ရက်များ၌ အဆက်အသွယ် ထပ်မရခဲ့။

ဒီကြားထဲတွင် မြတ်သော်အမေက မိခင်သောကနှင့် ကျွန်မအိမ်ထိလာကာ

အလိုတူ အလိုပါဟု စွပ်စွဲခြင်း၊ မနက်ခင်း ဈေးထဲတွင် သျှားဧ၏ အဒေါ်နှင့် ဆုံမိသည့် အချိန်တိုင်း စောင်းမြောင်းဆဲဆိုခြင်း စသည်တို့ကိုတော့ ကျွန်မ ကြံ့ကြံ့ခံခဲ့ရသည်။

နှစ်လကျော်အကြာမှ သျှားက ကျွန်မကို ဖုန်းဆက်လာသည်။

သူတို့နှစ်ယောက် နေရစားရတာတော့ အဆင်ပြေကြောင်း၊ မြတ်သော်က ဘွဲ့ရပြီးပြီ ဖြစ်သော်လည်း အလုပ်အသစ် မရသေးသဖြင့် နှစ်ယောက်လုံး စက်ရုံပဲ ဆင်းနေရကြောင်း၊ နေသားကျအောင် ကြိုးစားနေရသေးသည့် အပြင် အပိုဝင်ငွေလည်း အကုန်မခံနိုင်သေးတာကြောင့် ဖုန်းမဆက်နိုင် သေးတာ ဖြစ်ကြောင်း ကျွန်မကို တောင်းတောင်းပန်ပန်နှင့် ရှင်းပြသည်။

ခပ်နွမ်းနွမ်း သျှားအသံကြောင့် ဘာတွေဖြစ်နေလဲ ကျွန်မ မေးမိသည်။ နှစ်ကြိမ်၊ သုံးကြိမ် အတင်းမေးတော့မှ သျှားက ခပ်တိုးတိုး ပြောလာ သည်။

"သော်က အရမ်း ပင်ပန်းနေတယ်။ အခုလောက်ထိ တစ်ခါမှ သူ အလုပ် မလုပ်ဖူးဘူးလေ။ ငါ တစ်ယောက်တည်း အလုပ်ထွက်လုပ်မယ် ဆိုတာ လည်း လုံးဝ လက်မခံဘူး။ သူ့မိဘတွေ အဆက်အသွယ်နဲ့ဆို သူ့အတွက် အေးအေးချမ်းချမ်း အလုပ်တစ်ခုလောက် ရနိုင်ပေမဲ့ သော်က စကားတောင် အစမခံဘူး။ ငါလည်း သူပင်ပန်းနေတာကို ကြည့်နေရုံကလွဲပြီး ဘာမှ မတတ်နိုင်ဘူး။ သူကတော့ ပြောပါရဲ့၊ ငါ အနားမှာ ရှိနေရင် ပြည့်စုံပြီတဲ့။ သူ့ကိုသာ ထားမသွားပါနဲ့တဲ့။ ဘယ်လောက် ရယ်ရတဲ့ ကောင်လဲ နင် စဉ်းစားသာ ကြည့်တော့"

ပြောနေရင်း သျှားက ခြောက်ကပ်ကပ် ရယ်သည်။ ထို့နောက် နှုတ်ဆက် စကား ပြောပြီး ဖုန်းချသွားသည်။

ထိုညနေက ဖုန်းခွက်ကို ချလိုက်ပြီးနောက် ကျွန်မ ထမပြန်နိုင်သေးဘဲ

အချိန်အတန်ကြာ ငေးမှိုင်နေခဲ့မိသည်။

ထိုတစ်ကြိမ် စိတ်မောဖွယ်ရာ သတင်းကို ကြားရပြီးနောက်မှာတော့ တစ်လတစ်ကြိမ်လောက်စီ ကျွန်မ သူတို့နှင့် ဖုန်းပြောဖြစ်သည်။

ငသျှားနှင့် ပြောသည့်အချိန်တိုင်း မြတ်သော် မည်မျှ ပင်ပန်းနေရကြောင်း၊ ကျန်းမာရေး ထိခိုက်မှာ သူ စိတ်ပူမိကြောင်းတွေ ကြားရတတ်သော်လည်း မြတ်သော်ဆက်သည့် အချိန်တိုင်းတွင်တော့ ငသျှားက အရင်လောက် ရန်မလိုတော့ဘဲ လိမ္မာလာကြောင်း၊ ငသျှားနှင့်အတူ ရုန်းကန်ရတာ သူ မည်မျှ ပျော်ရွှင်ကြောင်းတွေသာ ပြောတတ်သည်။

တစ်ယောက်ကို တစ်ယောက် ချစ်လွန်း၊ တွေးပေးနိုင်လွန်းသဖြင့် ဝတ္တုစာအုပ်တွေထဲကပင် ခုန်ဆင်းလာသလားဟု ကျွန်မ ထင်မှတ်မိသည်အထိ။

တစ်နှစ်နီးပါး အကြာတွင် ရလာသော ဖုန်းအဆက်အသွယ်ကတော့ ကျွန်မအတွက် ဝမ်းသာစရာ သတင်း ဖြစ်ခဲ့သည်။

ဆက်သူက မြတ်သော်။ ဖုန်းကိုင်လိုက်မိချင်းချင်း "အမေ့ကို ပြောလိုက်တာ နင်လား" ဆိုသည့် အသံမာကြီးကြောင့် ကျွန်မ လန့်သွားရသေးသည်။

ကျွန်မ တကယ်ကို ဘာဆိုဘာမှ မသိပါကြောင်း၊ တစ်ခါ အပြောအဆို ခံရပြီးကတည်းက သူ့အမေကို ကျွန်မ မတွေ့မိတော့ပါကြောင်း သေချာ ရှင်းပြလိုက်ကာမှ မြတ်သော်က သက်ပြင်းချကာ အကျိုးအကြောင်းအစုံကို ပြောပြသည်။

သူ့အမေက မကွေးကို ရောက်လာသည့်အကြောင်း၊ သူတို့နှစ်ယောက်ကို ဘယ်နည်းနှင့်မှ ခွဲလို့မရမှန်း သူမ သဘောပေါက်ပါပြီဆိုသည့် အကြောင်းနှင့်အတူ သူ ပင်ပန်းနေတာကို မကြည့်ရက်သဖြင့် သူ့အဖေ မသိအောင် စု

ထားသည့် ပိုက်ဆံနှင့် အိမ်လေးတစ်အိမ် ဝယ်ပေးလိုကြောင်း၊ သူမ၏ အဆက်အသွယ်နှင့် မြတ်သော်အတွက်ရော သျှားအတွက်ပါ အလုပ် ရှာပေးမည့် အကြောင်း၊ သူ့အနေနှင့်ကတော့ မည်သူ့ အကူအညီကိုမှ မယူလိုကြောင်း စသဖြင့် ရင်ဖွင့်ပြောလာသည်။

ကျွန်မ သက်ပြင်းချလိုက်ပြီးနောက် အရင်ကတည်းက တနုံ့နုံ့ တွေးမိနေတာတွေကို ပြောချလိုက်တော့သည်။

"မြတ်သော် ငါပြောမယ်။ နင့်အမေဆိုတာ သူစိမ်း မဟုတ်ဘူး။ အမေတစ်ယောက်အနေနဲ့ နင် ပင်ပန်းတာကို သူ ကြည့်ရက်မှာ မဟုတ်ဘူး။ ပြီးတော့ နင့်အတွက် မဟုတ်ရင်တောင် သျှားအတွက် တွေးကြည့်စမ်းပါ။ ကိုယ်ပိုင်အိမ်လေးနဲ့ သက်တောင့်သက်သာ အလုပ်လေး လုပ်ရတော့ သူ့အတွက်ရော အဆင်မပြေဘူးလား။ နင့်အမေ အကူအညီကိုတော့ နင် လက်ခံလိုက်သင့်ပါတယ်"

တစ်ဖက်က မြတ်သော်က အတော်ကြာ ငြိမ်သွားပြီးမှ ငါ စဉ်းစားလိုက်ဦးမယ်ဟု ပြောလာသည်။ သို့သော်လည်း မြတ်သော်၏ လေသံအရ ကျွန်မ၏ အကြံကို လက်ခံလိုက်ပြီမှန်း ကျွန်မ သိလိုက်သည်။

ဒီတစ်ကြိမ် ဖုန်းခွက်ကို ချလိုက်အပြီးမှာတော့ ကျွန်မ နှစ်နှစ်ခြိုက်ခြိုက်ကို ပြုံးလိုက်မိသည်။ သျှားအတွက်သာဆို မြတ်သော်က မာနအားလုံးကို ခဝါချဖို့လည်း ဝန်မလေးဆိုတာ ကျွန်မ အသိဆုံးပဲ မဟုတ်ပါလား။

***

ကျွန်မ ထင်ခဲ့သည့်အတိုင်း မြတ်သော်က သူ့အမေ၏ အကူအညီကို လက်ခံခဲ့သည်။

အဲဒီနောက်ပိုင်းမှာတော့ နှစ်ယောက်သား သိသိသာသာကို ချောင်လည် သွားကြတော့သည်။ သျှားက တိုးတိုးတိတ်တိတ် ဖုန်းဆက်ကာ မြတ်သော် ကို ဖျောင်းဖျပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ကျွန်မကို ပြောသေး သည်။

ငွေရေးကြေးရေး ပြေလည်သွား၍ နှစ်လတစ်ခါလောက်စီ သူတို့နှစ် ယောက် ကျွန်မဆီသို့ လာလည်တတ်သည်။ လာသည့်အချိန်တိုင်း ညမအိပ် သော်လည်း တစ်နေကုန် ကျွန်မ၏ အိမ်တွင်သာ အချိန်ကုန်တတ်ကြသည်။

သူတို့နှစ်ယောက်က မကွေးက အတွေ့အကြုံ အသစ်တွေအကြောင်း အားပါးတရ ပြောတတ်ကြသလို ကျွန်မကလည်း မြို့ထဲက သတင်း အစုံအလင်ကို အလုအယက် ဖောက်သည်ချတတ်သည်။

တစ်ခါတစ်ရံတွင်တော့ ငယ်ငယ်တုန်းက အကြောင်းလေးတွေကို တမ်း တမ်းတတ ပြန်ပြောဖြစ်ကြသည်။

သျှားအကြိုက် မုန့်တွေကိုတော့ မပြောဘဲ သိနေပြီး ကျွန်မအတွက်တော့ ဒူးရင်အရသာ ဝယ်လာသည့်အကြောင်း ကျွန်မက အစဖော်လိုက်တိုင်း မြတ်သော်က ရှက်ရယ်ရယ်ကာ ခေါင်းငုံ့နေတတ်သည်။

သျှားက သူ ငယ်ငယ်က မြတ်သော်ကို အနိုင်ကျင့်ခဲ့သည့် အကြောင်း တွေ၊ မြတ်သော် ခများ သူနဲ့ ရင်းနှီးခွင့် ရဖို့တောင် အကြီးအကျယ် ကြိုးစားခဲ့ ရသည့် အကြောင်းတွေကို စမြုံ့ပြန်ကာ အရသာရှိရှိ ပြောတတ်သည်။

ထုံးစံအတိုင်း မြတ်သော်က ဘာမှ ဖြတ်မပြော။ သျှား ပြောလို့ဆုံးမှ "ခက်ခက်ခဲခဲ ကြိုးစားပြီးမှ ရတာတွေက ပိုပြီး တန်ဖိုးရှိတာ မဟုတ်လား။ အဲဒါကြောင့် ညီက ကိုယ့်အတွက် အရမ်း အဖိုးတန်နေတာပေါ့" ဟု မျက်နှာ သေကြီးနှင့် ပြောတတ်သည်။

ထိုအခါမှ သျှားတို့ ရှက်ရမ်းရမ်းကာ မြတ်သော်ကို ကျောကို လက်သီးနှင့် တအုန်းအုန်း ထုတော့သည်။

သုံးနှစ်ခန့် အကြာတွင်တော့ ကျွန်မလည်း ချစ်ရသူကို ရှာတွေ့ခဲ့သည်။ ထိုလူက ကျွန်မ အလုပ်ဝင်နေသော ကုမ္ပဏီတွင် ပြောင်းလာသော မန်နေဂျာအသစ်။ ကျွန်မနှင့် ခြောက်လခန့် ခင်မင်ရင်းနှီးခဲ့ကြပြီးနောက် ကျွန်မကို မေတ္တာရှိကြောင်း ဖွင့်ပြောခဲ့သည်။

ကျွန်မကလည်း ထိုလူကို ချစ်နေပြီးမှန်း သေချာလှသဖြင့် သုံးလခန့် အကြာမှာပင် မေတ္တာတုံ့ပြန်ခဲ့သည်။ တစ်နှစ်တိတိ ချစ်သူအဖြစ် လူသိရှင်ကြား တွဲခဲ့ကြပြီးနောက် ထိုလူက ကျွန်မကို လက်ထပ်ခွင့်တောင်းခဲ့သည်။

ကျွန်မတို့ နှစ်ယောက်လုံး တစ်ယောက်အပေါ် တစ်ယောက် အပြန်အလှန် မေတ္တာရှိကြသည်။ လူကြီး မိဘတွေကလည်း သဘောတူသည်။ အရာရာ ဖြောင့်ဖြူးနေသော လမ်းခရီးတွင် ကျွန်မစိတ်က ဘာကိုမှန်းမသိ စိုးရိမ်ကြောင့်ကြ နေခဲ့သည်။

မသိစိတ်က တစ်စုံတစ်ရာနှင့် နှိုင်းယှဉ်မိကာ စိတ်အလိုမကျ ဖြစ်နေသဖြင့် ကျွန်မ ညဘက်များပင် ကောင်းစွာ အိပ်မပျော်နိုင်ပေ။ စိတ်ဖိစီးမှုကြောင့် လူပါ နုံးခွေနေမိသည်။

နောက်နှစ်လအကြာ သျှားတို့နှစ်ယောက် အိမ်လာလည်သည့် အချိန်မှ ကျွန်မ စိတ်ပူပန်နေရသည့် အကြောင်းအရင်းကို ရှာတွေ့တော့သည်။

အရင်ကအတိုင်း သျှား အဆင်သင့်စားနိုင်ရန် လက်ဖက်သုပ်ပန်းကန်မှ လက်ဖက်နှင့် မြေပဲဆံလေးများကို ခွဲထည့် ပေးနေသော မြတ်သော်ကို ကြည့်ရင်း ကျွန်မ၏ ခင်ပွန်းလောင်း ဆိုရင်ရော ဆိုသည့် အတွေးမျိုး ဝင်လာခဲ့သည်။

ထိုအခါမှ ကျွန်မ ခင်ပွန်းလောင်း၏ ချစ်ခြင်းတွေကို သျှားအပေါ်ထားသည့် မြတ်သော်၏ မေတ္တာတွေနှင့် နှိုင်းယှဉ်မိကာ စိုးရိမ်သောက ဖြစ်ခဲ့ရတာမှန်း ကျွန်မ ကိုယ့်ကိုယ်ကိုယ် နားလည်မိတော့သည်။

ဘယ်လောက်တောင်မှ မယုံနိုင်စရာ ကောင်းလိုက်သလဲ။ ကျွန်မဟာ ယောကျ်ားလေး နှစ်ယောက်ကြားက ချစ်ခြင်းမေတ္တာကို စံတစ်ခု အနေနဲ့ သတ်မှတ်ပြီး ကျွန်မ လက်တွဲဖော် ရွေးချယ်ရာမှာ တိုင်းတာနေခဲ့မိခြင်း။

ရေပက်မဝင် ပြောနေသော သျှား၏ စကားတွေကို ကျွန်မ အာရုံစိုက် နားမထောင်မိ။ သျှား၏ မျက်နှာကို တန်ဖိုးကြီး ပန်းချီကားတစ်ချပ်လို အမြတ်တနိုး ငေးကြည့်နေသော မြတ်သော်၏ မျက်ဝန်းတွေကိုသာ ကျွန်မ သတိမူနေမိသည်။

အချိန်တွေ ဤမျှကြာလာတာတောင် ထိုအကြည့်တွေက အနည်းငယ်မျှ အရောင်မှေးမှိန်သွားခြင်း မရှိတာကို ကျွန်မ အံ့ဩမိ၍မဆုံး။

တစ်ချိန်တည်းမှာပဲ ကျွန်မ ခင်ပွန်းလောင်းက ကျွန်မကို ငေးကြည့်နေသည့် အချိန်တိုင်း မျက်ဝန်းတွေက ဤသို့ ရွှန်းလဲ့တောက်ပနေပါရဲ့လား၊ အကယ်၍ အခုချိန်မှာ ကျွန်မကို မြတ်သော်၏ မေတ္တာတွေထက် မလျော့သော ချစ်ခြင်းတွေနှင့် ချစ်ပေးပါသည်ဟုပဲ ထားဦး၊ ထိုအချစ်တွေက ဘယ်လောက်ထိ ကြာရှည်ခံနိုင်ပါ့မလဲ စသဖြင့် အတွေးပေါင်းစုံနှင့် ကျွန်မ စိတ်မတည်မငြိမ် ဖြစ်လာသည်။

ခဏအကြာတွင် ကျွန်မအမေက မြတ်သော်ကို မီးချောင်းလေး လဲပေးပါဦးဟု ဆိုကာ လာခေါ်သွားသဖြင့် ခြံထဲက ကွပ်ပျစ်ပေါ်တွင် ကျွန်မနှင့်သျှားသာ ကျန်ခဲ့သည်။

"နင် ဘာဖြစ်နေတာလဲ မိဝေ"

တစ်ယောက်တည်း အတွေးယာဉ်ကြောထဲ မျောနေစဉ် သျှားး၏ အမေး ကြောင့် ကျွန်မ လန့်သွားမိသည်။

"ဘာဖြစ်ရမှာလဲ။ ဘာမှ မဖြစ်ပါဘူး"

သျှားက ပြုံးသည်။

"နင်နဲ့ငါက ဟိုးပိစိပေါက်စကတည်းက သူငယ်ချင်း အရင်းတွေ ဖြစ်ခဲ့ကြ တာ မိဝေ။ နင် တစ်နေ့ အိမ်သာ ဘယ်နှကြိမ်တက်လဲကအစ ငါသိတယ်။ နင် ဒီလောက် တိတ်ဆိတ်နေတာ ဘယ်နည်းနဲ့မှ ပုံမှန် မဟုတ်နိုင်ဘူး။ ငါ ကိုမှ ပွင့်ပွင့်လင်းလင်း မပြောပြရင် နင် ဘယ်သူ့ကို သွားပြီး ရင်ဖွင့်ဦးမှာ လဲ"

သျှားစကားကြောင့် ကျွန်မ သက်ပြင်းချလိုက်မိသည်။ ကျွန်မ တစ်စုံတစ်ယောက်ကို ရင်ဖွင့်တိုင်ပင်ဖို့ လိုအပ်နေသည်ကတော့ အမှန်ပင် ဖြစ်သည်။ ထိုတစ်စုံတစ်ယောက်က သျှားသာ ဖြစ်သင့်သည် ဆိုတာကို လည်း ကျွန်မ သိနေသည်။

နောက်တစ်ကြိမ် သက်ပြင်း ထပ်ချလိုက်ပြီးနောက်မှာတော့ ကျွန်မ ရင်ထဲ ခံစားနေရသမျှ အားလုံးကို အကုန် ဖွင့်ပြောလိုက်မိတော့သည်။

သျှားက ဘာတစ်ခုမှ ဖြတ်မပြောဘဲ ငြိမ်သက်စွာ နားထောင်နေသည်။ ကျွန်မ စကားဆုံးတော့မှ ခပ်လှမ်းလှမ်းကို လျှောက်သွားကာ စီးကရက်တစ် လိပ်ကို မီးညှိလိုက်ပြီး လေသံအေးအေးလေးနှင့် ပြောသည်။

"အိမ်ထောင်တစ်ခုမှာ တစ်ယောက်ကို တစ်ယောက် ချစ်ကြမယ်။ အပြန်အလှန် လေးစားမှုရှိမယ်။ အိမ်ထောင့်ကျင့်ဝတ်တွေကို နှစ်ဖက်လုံး က လိုက်နာကြမယ်ဆိုရင် လုံလောက်ပါတယ် မိဝေ။ နင်ပြောပုံအရ ကိုခင် မောင်က အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ဖို့ ထိုက်တန်တဲ့ လူမျိုးပါ။ မြတ်

သော်ရဲ့ ဂရုစိုက်မှု၊ ချစ်ပေးတတ်မှုတွေနဲ့တော့ နင် ယှဉ်နေလို့မရဘူး မိဝေ။ သူ့လို လူမျိုးသာ လိုက်ရှာနေရင် နင် ထမင်းထုပ် သိုးသွားမယ်။ ငါ ကိုယ်တိုင်တောင် ငါ့ရဲ့ ကံကောင်းမှုတွေကို မယုံနိုင် ဖြစ်နေတုန်းပဲ။ အတိတ်ဘဝက ဘယ်လိုကောင်းမှု ကုသိုလ်တွေကို လုပ်ခဲ့လို့များ ဒီဘဝမှာ မြတ်သော်ရဲ့ အတုမရှိ မေတ္တာကို ခံစားခွင့်တာလဲဆိုတာ ငါ စဉ်းစားမိနေတုန်း"

သျှားဧ၏ စကားဆုံးတော့ ကျွန်မ ဘာပြန်ပြောရမှန်းမသိ။ ထိုတစ်ခဏမှာပင် အချိန်ကိုက် မြတ်သော်က အိမ်ထဲမှ ပြန်ထွက်လာသည်။

သူ့အနားကို မြတ်သော် လျှောက်လာတာ မြင်သည်နှင့် သျှားဧက စီးကရက်ကို ချက်ချင်း မီးသတ်လိုက်သည်။

ကျွန်မ ပြုံးလိုက်မိသည်။ သျှားဧက သူသာ မီးခိုးခေါင်းတိုင်လို စီးကရက်ကို သောက်လေ့ရှိသော်လည်း မြတ်သော် ဆေးလိပ်နံ့ ရှူမိမည်ကိုတော့ အလွန် စိုးရိမ်သည်။

"ကျွမ်းနေတဲ့ မီးချောင်း အားလုံး လဲပေးခဲ့တယ် မိဝေ။ ငါတို့ ပြန်မှနဲ့ တူတယ်။ ကားမမီမှာ စိုးလို့။ ညီ အပေါ်အင်္ကျီ ဝတ်ဦးလေ။ ဖိနပ်ကိုလည်း ကြိုးချည်ဦး။ မင်းကလည်း ကလေးလိုပဲ ..."

နှစ်ယောက်သား မိနစ်အချို့ကြာ ပျာယာခတ်ကြပြီးနောက်မှာတော့ ကျွန်မကို နှုတ်ဆက်ကာ ထွက်သွားကြသည်။

ခပ်ဖြည်းဖြည်း လျှောက်သွားသော ကျောပြင်နှစ်ခုကို လိုက်ငေးကြည့်ရင်း ကျွန်မ ပြုံးလိုက်မိသည်။ အတော်လေးလည်း စိတ်သက်သာရာ ရသွားပြီဖြစ်သည်။

သျှားဧက သူသာ ကံကောင်းသူဟု ဆိုခဲ့သော်လည်း ကျွန်မကတော့ အဲဒီ

လို မယူဆ။ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ရှာဖွေတွေ့ရှိခဲ့ခြင်းက နှစ်ယောက်လုံးအတွက် ကံကောင်းမှု ဖြစ်နိုင်သော်လည်း ထိုချစ်ခြင်းတွေ အခုချိန်ထိ တည်တံ့နေခဲ့တာကတော့ နှစ်ယောက်လုံး၏ မေတ္တာတွေ စစ်မှန်လို့ဟုသာ ကျွန်မ ယူဆသည်။

နှစ်ယောက်ပေါင်းမှ အသက်တစ်ခုကို ရှင်သန်နေသည်ဟု ထင်ရလောက်အောင်ထိ သူတို့ နှလုံးသားတွေက ထပ်တူညီနေခဲ့တာကို ဘေးလူ ကျွန်မကတောင် ပြတ်သားစွာ မြင်တွေ့နေရတာ မဟုတ်ပါလား။

ထို့အတူ ဒီဘဝမှာတော့ ထို့ကဲ့သို့ ချစ်ခြင်းမျိုးကို ရှာဖွေတွေ့ရှိဖို့ မမျှော်လင့်သင့်တော့ကြောင်း ကျွန်မ လက်ခံလိုက်ပါတော့သည်။

***

နောက်သုံးလအကြာမှတော့ ကျွန်မ ရည်ရွယ်ထားသူ ကိုခင်မောင်နှင့် လက်ထပ်ဖြစ်ခဲ့သည်။

မင်္ဂလာပွဲတွင် တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ကာ ပွဲတက်လာသော နှစ်ယောက်ကို "ဒါ ကျွန်မပြောပြောနေတဲ့ ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက် ကိုခင်မောင်။ သူတို့ နှစ်ယောက်က ချစ်သူတွေလေ" ဟု ကျွန်မ ရှက်ရွံ့ခြင်း အလျှင်းမရှိဘဲ အမှန်အတိုင်း မိတ်ဆက်ပေးနိုင်သည်။ ကိုယ်ကိုယ်တိုင်တောင် ထိုကဲ့သို့ ချစ်ခြင်းမျိုးတွေ မမွေးဖွားနိုင်ပါဘဲနှင့် တကယ် ချစ်ကြသူတွေကို ရှက်ရွံ့ ပြနေသည်ဆိုတာ ဘယ်လိုမှ အဓိပ္ပာယ် မရှိသည့် လုပ်ရပ်ဟု ကျွန်မ ခံယူသည်။

နားလည်မှု အပြည့်ရှိသော ကျွန်မ၏ ခင်ပွန်းကလည်း အရေးမပါသည့် အကြောင်းအရာတွေကို ခေါင်းထဲ ထည့်ပုံမရ။ ကျွန်မ၏ သူငယ်ချင်းဆိုသည့် အချက်တစ်ခုကိုသာ အလေးထားပြီး ဖော်ဖော်ရွေရွေ ဆက်ဆံ

ပေးသည်။

အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးလာသည်နှင့်အမျှ ပြောင်းလဲမှုတွေ များလာခဲ့ပေမဲ့ ကျွန်မတို့ကြားက ရင်းနှီးမှုတွေကတော့ အရင်အတိုင်းပင်။

အိမ်ထောင်သက် ခြောက်နှစ်အတွင်း ကျွန်မ သားသမီး နှစ်ယောက်ထွန်းကားခဲ့သည်။ အိမ်ထောင့်တာဝန်၊ သားသမီးတာဝန်တွေ စသည်တို့က များပြားလာသဖြင့် ကျွန်မ အရင်ကလောက် မအားလပ်တော့။

ထို့အတူ မြတ်သော်ကလည်း သူ့အလုပ်လုပ်နေသော ကုမ္ပဏီတွင် တရွေ့ရွေ့ ရာထူးတက်သည်နှင့်အမျှ အလုပ်တာဝန်တွေက ပိုပိုတိုးလာသည်။ ထို့ပြင် သျှားကပါ ဈေးကြီးထဲတွင် သူ့ကိုယ်ပိုင် လျှပ်စစ် ပစ္စည်းဆိုင်လေး ဖွင့်လိုက်နိုင်သဖြင့် နှစ်ယောက်သား ကျွန်မထံသို့ အရင်ကလောက် အလာမစိပ်နိုင်တော့။

သို့သော်လည်း ဆင်းကတ်တွေ ဈေးပေါလာခြင်းနှင့်အတူ ဖုန်းအဆက်အသွယ်ကတော့ လုံးဝ မပြတ်ကြ။ ထို့ပြင် လေးလ တစ်ကြိမ်လောက်တော့ မအားအားအောင် ကြိုးစားကာ နှစ်ယောက်သား ကျွန်မအိမ်တွင် ညအိပ်ညနေ လာလည်တတ်ကြသည်။

ကျွန်မသား အကြီးကောင်က သျှားကို အလွန်တွယ်တာသည်။ သျှားက သူနှင့်အတူ ဘောလုံးကန်ပေး၊ ရယ်စရာ ပေါက်ကရတွေ ပြောပေးတာကို အလွန်နှစ်သက်သည်။ ထိုအချိန်တိုင်း မြတ်သော်က ကျွန်မ သမီးအငယ်လေးကို ချီရင်း သူ့ရှေ့က မြင်ကွင်းကို ပြုံးကာ ငေးကြည့်နေတတ်သည်။

တစ်ခါကတော့ မြတ်သော်က ကျွန်မကို ပြောဖူးသည်။

"ညီ့ရှေ့မှာ ငါ ကလေး သိပ်မချစ်ပြရဲဘူး။ အဲဒီလိုဆိုရင် သူကြောင့် ငါက သာယာတဲ့ မိသားစုဘဝကို မပိုင်ဆိုင်ရပါဘူးလို့ ညီကတွေးနေရော။

တစ်ခါတလေဆို ငိုပါ ငိုလိုက်သေးတာဗျာ။ သာယာတဲ့ မိသားစုဆိုတာ သူ တစ်ယောက်တည်း ရှိနေရုံနဲ့ ပြီးပြည့်စုံပြီဆိုတာ ငါ့မှာ မနည်း ပြန်ပြန်ရှင်း ပြရတယ်"

မြတ်သော် ထိုစကားကို ကျွန်မအား ပြောသည့်အချိန်က ကလေးလို မြတ်သော်ကို ချွဲနေမည့် သျှားပုံစံနှင့် အထက်တန်းကျောင်းတုန်းက တွေ့မရှောင် လက်သီးစာကျွေးတတ်သည့် သျှားပုံစံကို နှိုင်းယှဉ်ကာ မြင်မိပြီး ကျွန်မ ရယ်မိသွားခဲ့သေးသည်။

ဆယ်စုနှစ် နှစ်ခုနီးပါး ကြာလာသော်လည်း မြတ်သော်၏ ဂရုစိုက်မှုတွေက ပဥ္စမတန်း နွေရာသီတုန်းကထက် မြူတစ်မှုန်စာမျှ လျော့ကျမသွား။ င သျှား ဝတ်တတ်သည့် Crochet Beanie လေးတွေကို သူကိုယ်တိုင် ထိုးပေးနေဆဲ ဖြစ်သလို၊ ဟင်းခွက်ထဲက ငရုတ်သီးဖတ်များကိုလည်း ဂရုတစိုက် ဖယ်ပေးနေမြဲပင်။

တစ်ခါက မှတ်မှတ်ရရ သူတို့နှစ်ယောက် ကျွန်မတို့အိမ်ကို ညအိပ်လာလည်သည့် အချိန်တွင် ညလုံးပေါက် မီးပြတ်ခဲ့သည်။

ပူလောင်လွန်းသဖြင့် ဂျီကျနေသော ကလေးများကို ကျွန်မ မနည်း ချော့မော့သိပ်ပြီးသည့်အချိန်တွင် ညနှစ်နာရီကျော်နေပြီ ဖြစ်သည်။

ရေထသောက်ဦးမည်ဟု တွေးကာ ကျွန်မ အိမ်ရှေ့ထွက်လာတော့ မြတ်သော်က ငုတ်တုတ်ထိုင်လျက်။ သူဘေးတွင် တရှူးရှူး အိပ်မောကျနေသော သျှားကို ပြုံးပြုံးကြီး စိုက်ကြည့်ကာ ယပ်ခတ်ပေးနေသည်။

"မြတ်သော် နင်မအိပ်သေးဘူးလား"

ကျွန်မ အသံကို ကြားတော့ မြတ်သော် အလန့်တကြား ဖြစ်သွားကာ တိုးတိုးဟု လုပ်ပြသည်။

"ညီက ပူရင် အိပ်မပျော်ဘူး။ ခဏခဏ နိုးလာတတ်တာ နင်သိရဲ့သားနဲ့။ ရတယ် ငါက မီးပြန်လာမှ အိပ်မယ်"

ခပ်တိုးတိုး ပြောလိုက်သော မြတ်သော်၏ စကားကြောင့်ကျွန်မ ဒေါသထောင်းခနဲ ထွက်သွားမိသည်။

"သျှားက သူ အိပ်ပျော်ဖို့ နင့်ကို ယပ်ခတ်ခိုင်းထားတယ်ပေါ့လေ"

မြတ်သော် မျက်မှောင်ကြုတ်လိုက်တာကို လရောင်မှုန်မှုန်အောက်တွင် ကျွန်မ ခပ်ရေးရေး မြင်လိုက်ရသည်။

"ဘယ်ကသာ။ ညီက ငါအိပ်နေတယ်ပဲ ထင်နေမှာ။ သိလို့ကတော့ အတင်းဆွဲပြီး အိပ်ခိုင်းမှာ။ အဲဒီလိုဆို ငါက အိပ်ပျော်သွားပြီး ညီက ငုတ်တုတ်ဖြစ်နေမှာပေါ့"

မြတ်သော် စကားကြောင့် ကျွန်မ ဘာပြောရရမှန်း မသိအောင်ကို ဆွံ့အသွားခဲ့မိသည်။ ပြောလို့လည်း ထူးမှာ မဟုတ်မှန်း သိသဖြင့် ခေါင်းသာ ညိတ်ပြလိုက်ကာ အထဲပြန်ဝင်လိုက်ရသည်။ အိပ်ခန်းထဲရောက်မှ ရေသောက်ဖို့ မေ့လျော့သွားမှန်း သတိရကာ ကျွန်မ ရယ်မိသွားသေးသည်။

ကျွန်မတို့ လက်ထပ်ပြီးကာစတွင် ကျွန်မ ခင်ပွန်းက မြတ်သော်က သျှားအတွက်ဆို အမြဲ မားမားမတ်မတ် ရပ်တည်ပေးကြောင်း၊ သျှားအတွက် အမြဲအားကိုးရာတစ်ခု ဖြစ်နေလောက်မည့် အကြောင်း စသဖြင့် နှစ်ခါ၊ သုံးခါ ပြောဖူးသည်။ ထိုအခါတိုင်း ကျွန်မက ဘာ တုံ့ပြန်စကားမှ မပြောဘဲ ပြုံးပြုံးလေးသာ နားထောင်နေခဲ့သည်။

ကျွန်မတို့ အိမ်ထောင်သက် သုံးနှစ်အကြာတွင် မြတ်သော်၏ မိဘနှစ်ပါးစလုံးက တစ်နှစ်ပင် မခြားဘဲ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကြသည်။ အသုဘတစ်လျှောက်လုံး မျက်ရည်တစ်စက်မှ မကျခဲ့သမျှ လူအားလုံးရှင်း

သွားသည့် အချိန်တွင် သစ်ပင်ရိပ်နှင့် ကွယ်ကာ သျှားပခုံးပေါ်တွင် အားပါးတရ ငိုနေသော မြတ်သော်ကို ကျွန်မ ခင်ပွန်းက အံ့ဩတကြီး ငေး ကြည့်နေခဲ့သည်။

ထိုအချိန်မှစ၍ မြတ်သော်က သျှား၏ အားကိုးရာဆိုသည့် စကားမျိုးကို ကျွန်မ ခင်ပွန်းက ထပ်ပြောမလာတော့။ သူတို့နှစ်ယောက်က တစ်ယောက် ကို တစ်ယောက် မရှိမဖြစ် လိုအပ်သည့် ပါရမီဖြည့်ဖက်တွေ ဆိုတာကို ကျွန်မ ခင်ပွန်းလည်း သဘောပေါက်သွားဟန်တူသည်။

နှစ်အတန်ကြာ အရာအားလုံး အဆင်ပြေ ချောမွေ့လွန်းသဖြင့် စိတ် သောက ဆိုတာမျိုးကိုတောင် ကျွန်မ မေ့ချင်သလို ဖြစ်သွားခဲ့သည်။

သို့သော်လည်း ကံကြမ္မာဆိုသည့်အမျိုးက မထင်မှတ်သည့် အချိန်မှ မုန်တိုင်းကြီးကြီးဖြင့် ရိုက်ခတ်တတ်မှန်း ကျွန်မ အိမ်ထောင်သက် ခုနစ်နှစ် ကျော်တွင် သိလိုက်ရတော့သည်။

***

ထိုနေ့ ညနေက မြတ်သော် ဆက်သော ဖုန်းကို ကျွန်မ အားပါးတရ ကိုင်လိုက်မိသည်။ ဖုန်းမဆက်တာ နှစ်ပတ်ကျော်ပြီမို့လို့ နှစ်ယောက်လုံးကို ကျွန်မ အတော်လေး သတိရနေခဲ့သည်။

ဖုန်းကိုင်လိုက်မိချင်းချင်း နွမ်းလျနေသော မြတ်သော်၏ အသံကြောင့် ကျွန်မ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။

"မြတ်သော် တစ်ခုခု ဖြစ်နေလား"

ကျွန်မ အသည်းအသန် မေးတော့ တစ်ဖက်က ချက်ချင်း ပြန်မဖြေ။ အသက်ရှူသံ ပြင်းပြင်းတွေကိုသာ ကျွန်မ ကြားနေရသည်။

စက္ကန့် အတော်ကြာမှ ဆို့နင့်နေသော အသံနှင့် တုန်ယင်စွာ ပြန်ဖြေသည်။

"ညီ့မှာ အဆုတ်ကင်ဆာ ဖြစ်နေပြီ ဝေနှင်း။ တော်တော်ပြင်းထန်တဲ့ အဆင့်ရောက်နေပြီ။ ဓာတ်ကင်တာမျိုး လုပ်မယ်ဆိုရင်တောင် ခြောက်လထက် ပိုမခံနိုင်ဘူးပြောတယ်"

မြတ်သော် စကားကို ကြားပြီး ချက်ချင်းမှာတော့ ကျွန်မ နားတွေ အူထွက်သွားသလို ခံစားလိုက်ရသည်။ ဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ဒူးတွေ ခွေကျမသွားအောင် ကျွန်မ မနည်းထိန်းထားရသည်။

ဘယ်လိုဖြစ်လို့ သျှားက အကောင်းကြီးကနေ အခုလို ဖြစ်သွားရတာလဲ။ ဒီလပိုင်း ဖုန်းပြောဖြစ်ကြတုန်းက သျှား ချောင်းဆိုးနေတာကို သတိထားမိပေမဲ့ ခုလောက်ကြီးကျတော့ ...

မယုံနိုင်လွန်းစွာဖြင့် ကျွန်မ ထပ်မေးမိသည်။

"ဟိုတစ်ခေါက် လာလည်တုန်းက အကောင်းကြီးပါ မြတ်သော်ရယ်။ ဘယ်လိုဖြစ်လို့ အဲဒီလောက် အဆင့်ထိ ဖြစ်သွားရတာလဲ။ သေရော သေချာရဲ့လား"

မြတ်သော်က အသက်ကို ခပ်ပြင်းပြင်း ရှိုက်ရှူနေသေးသည်။ အသံအရသူ မျက်ရည်ကျနေပြီမှန်း ကျွန်မ ရိပ်မိသည်။

"ဖြစ်တာ မြန်၊ မမြန်က သူ့မျိုးရိုးနဲ့လည်း ဆိုင်တယ်တဲ့။ ချောင်းဆိုးရင်း သွေးတွေပါ ပါလာလို့ စစ်ကြည့်လိုက်တော့မှ အဲဒီလောက် အခြေအနေ ဖြစ်နေတော့တာပဲ။ မယုံနိုင်လို့ အပြင် ဆေးခန်းမှာ ထပ်စစ်ကြည့်ပြီးပြီ။ အဖြေက တူတူပဲ။ ငါ အခု ဘာလုပ်ရမှန်း မသိဘူး ဝေနှင်း။ ညီ့ရှေ့မှာ ငါ မငိုချင်ဘူး။ ငါ ... ငါ တကယ် ကြောက်နေမိပြီ"

မြတ်သော်၏ စကားတွေက ငိုသံတွေနှင့် ဗလုံးဗထွေးတွေ ဖြစ်နေသည်။ ကျွန်မလည်း မျက်ရည် တသွင်သွင် စီးကျရုံက လွဲပြီး ဘာဆို ဘာမှ မပြောတတ်တော့။

ဖုန်းကိုင်ပြီး နှစ်ယောက်အတူ ငိုနေကြပြီးမှ ကျွန်မ စိတ်ပြန်တင်းလိုက်ရသည်။ ထို့နောက် မနက်ဖြန်ဆိုတာနဲ့ ကျွန်မ လာခဲ့မည့် အကြောင်း၊ စိတ်အေးအေးထားဖို့ အကြောင်းတွေ ကြိုးစားပြီး ပြောမိသည်။

ပြောနေရင်း မြတ်သော်က ညီ နိုးလာပြီဟုဆိုကာ ဖုန်းချသွားသည်။

ထိုနေ့ ညနေက ဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း နေရာမှာတင် ထိုင်ချကာ အချိန်အတန်ကြာ ကျွန်မ ငိုကြွေးနေခဲ့မိပါသည်။

***